ရောင်းမှ

The Mirror Daily

Established in 1957

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့။

Friday 20 December 2019

၉၈၆၉

အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို မိသားစုတို့အတွက် လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အသင်းသူ အသင်းသားများက ခရစ်တော်မွေးနေ့အကြို ဆုတောင်းမေတ္တာပို့သ

အမှတ်တရလက်ဆောင် ပေးအပ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို နေပြည်တော်သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အသင်းသူ အသင်းသားများအား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို မိသားစုတို့အတွက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီး၊ မိသားစုနှင့် နေပြည်တော်သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရဆရာ ဦးစောအောင်အောင်လွင် ဦးဆောင်သောအဖွဲ့သည် ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ခရစ်တော်မွေးနေ့အကြိုအဖြစ် လာရောက်ဆုတောင်းမေတ္တာပို့သကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား၊ မာန်အောင်မြို့ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မာန်အောင်မြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

မာန်အောင် ဒီဇင်ဘာ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ရခိုင်ပြည်နယ် မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမင်းသူနှင့် ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဦးတင်လတ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

ရောင်းမှ ယနေ့ဖတ်စရာ

မူကြိုကျောင်းများနှင့် ပြင်ပပုဂ္ဂလိက မူကြိုကျောင်းများကို သင်ရိုးညွှန်းတမ်းများနှင့်အညီ စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်နေ

စာမျက်နှာ » ၉

ကလေးဦးနှောက်နှင့် အာရုံကြောဆေးကုသမှုအဖွဲ့ ၂၀၂၀ ပြည့်နှစ်တွင် နေပြည်တော်၊ မြစ်ကြီးနား၊ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီးများသို့ (၄)လတစ်ကြိမ် ကွင်းဆင်းကုသမှုများ အရှိန်တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်

စာမျက်နှာ » ၁၀

အရေးကြီးပြီ သွေးစည်းကြစို့

အပြည်ပြည်ဆိုင်ရာတရားရုံး၌ ကြားနာမှုဆိုင်ရာ အတွေ့အကြုံများနှင့် စပ်လျဉ်း၍ ဒီဇင်ဘာလ ၁၈ ရက်နေ့ ည ၈ နာရီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသော ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းကို ကြားသိခဲ့ရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၁ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က နိုင်ငံ၏ဂုဏ်သိက္ခာ၊ ပြည်သူလူထုတစ်ရပ်လုံး၏ မျှော်လင့်ချက်နှင့် ပြည်ထောင်စုကြီး၏အနာဂတ်အတွက်သာမက နိုင်ငံတကာအသိုက်အဝန်း၏ မိသားစုဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ကျေပွန်ရမည့် တာဝန်ဝတ္တရားများကို စိတ်အစဉ်တွင်စွဲမြဲလျက် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဂမ်ဘီယာနိုင်ငံ၏ တရားစွဲထားမှုအား ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်ကို မြင်တွေ့ကြားသိရပြီးဖြစ်သည်။

အပြည်ပြည်ဆိုင်ရာတရားရုံးတော်အတွင်း အမှုဆိုင်ရာလျှောက်လဲမှု ဖြစ်စဉ်များ၊ ဥပဒေကြောင်းနှင့် နိုင်ငံရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ နှင့်ပတ်သက်၍ အသေးစိတ်နားလည်သဘောပေါက်လိုသူ ပြည်သူများ၏ ဆန္ဒကို ဖြည့်ဆည်းပေးသောအားဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည့်ပြည့်စုံစုံဝေမျှ ရှင်းလင်းပြောကြားခဲ့ရာ ဖြစ်စဉ်နှင့်ပတ်သက်၍ ခိုင်ခိုင်မာမာ ရှင်းရှင်းလင်းလင်း သိမြင်နားလည်ပြီး ပြည်သူများ တစ်သွေးတည်း တစ်သားတည်းရှိကြမည်ဆိုလျှင် နိုင်ငံအတွက် တန်ဖိုးကြီးမားသော ခွန်အားများ ဖြစ်စေပါသည်။

တရားရုံးတော်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "မတူကွဲပြားမှုများကြားက ညီညွတ်မှု တည်ဆောက်နိုင်ရေး၊ ပြည်သူများ၏ အလားအလာကောင်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး ဖော်ဆောင်ရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေး တို့ကို အထောက်အကူဖြစ်စေမည့် ဆုံးဖြတ်ချက်မျိုးကို တရားစီရင်ရေး ဆိုင်ရာ ဥာဏ်အမြော်အမြင်နှင့် ဆင်ခြင်တုံတရား ပြည့်ဝစွာထားပြီး တရားသူကြီးများအနေဖြင့် ချမှတ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရုံးတော်သို့ အချက်ကျကျ ရှင်းလင်းပြောကြားခဲ့ပြီး "ရုံးတော်၏ ဥပဒေပုဒ်မ(၆၀) စာပိုဒ် (၂) အရ လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အတွင်း တင်သွင်းခဲ့သည့် အကြောင်းပြချက်များအရလည်းကောင်း၊ ရုံးတော်အနေဖြင့် သင့်တော်လျော်ကန်မည်ဟုယူဆသည့် အခြားအချက်အလက်များအပေါ် အခြေခံ၍လည်းကောင်း၊ (၁) ဂမ်ဘီယာမှ ရုံးတော်သို့ တင်သွင်းထားသည့် အမှုကိစ္စအား ရုံးတော်စာရင်းမှ ပယ်ဖျက်ပေးရန်၊ (၂) သို့တည်းမဟုတ် ဂမ်ဘီယာမှ တောင်းဆိုသည့် ကြားဖြတ်စီမံဆောင်ရွက်ချက်များအား ပယ်ချပေးရန်" မေတ္တာရပ်ခံ လျှောက်လဲခဲ့သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် တရားရုံးတော်၏ စီရင်ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းသွားရန်ဖြစ်ပြီး စီရင်ချက်ကို လာမည့်ဇန်နဝါရီလ အတွင်း ချမှတ်သွားဖွယ်ရှိကြောင်း သိရှိရသည်။ အဆိုပါအရေးနှင့် ပတ်သက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့က ရုံးတော်သို့ ခြေခြေမြစ်မြစ် ပြတ်ပြတ်သားသား ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ရာ 'ကျွန်မတို့နိုင်ငံမှာ အခုလိုမျိုး အရေးကိစ္စမျိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့လာရတဲ့အချိန်အခါမှာ "အရေးကြီးပြီ- သွေးစည်းကြစို့" ဆိုတဲ့အတိုင်း ကျွန်မတို့နိုင်ငံ အနှံ့အပြားကနေ ထောက်ခံအားပေးခဲ့ကြတဲ့ ကျွန်မတို့ပြည်သူတွေရဲ့ ဝန်းရံမှုတွေဟာလည်း ကျွန်မတို့အဖွဲ့ဝင်အားလုံးအတွက် အဖိုးမဖြတ်နိုင်တဲ့ စိတ်ဓာတ်ခွန်အားတွေ ဖြစ်စေခဲ့ပါတယ်' ဟု ပြောကြားခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရင်ဆိုင်ကြုံတွေ့ရသော အရေးနှင့်ပတ်သက်၍ စုစည်းပေါင်းစည်းမှုသည် ခိုင်မာသည့်ညီညွတ်မှု၏ အခြေခံအုတ်မြစ်ဖြစ်၍ ညီညွတ်မှု၊ စည်းလုံးမှု၊ သွေးစည်းမှုကိုအခြေခံပြီး နိုင်ငံတော်၏ရှေ့ခရီးတွင် ရင်ဆိုင်ကြုံတွေ့ဖွယ်ရှိသည့် စိန်ခေါ်မှုမှန်သမျှကို ရင်ဆိုင်ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊

၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့်အရည်အသွေး မြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊

၅။ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၇၁/၂၀၁၉) ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၇၁/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (၁)ဦးထွန်းထွန်းဟိန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဥာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငြေးဝင်းအောင်(၁) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပူးပေါင်းကော်မတီအနေဖြင့် ပြင်ဆင်ရေးပူးပေါင်းကော်မတီတွင်ပါဝင်သည့် နိုင်ငံရေးပါတီ၊ အစုအဖွဲ့အသီးသီးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တို့မှ တင်ပြခဲ့သည့် အခန်းလိုက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန်အကြံပြုချက်များ အပေါ် ပြင်ဆင်သည့်ဥပဒေမူကြမ်းရေးဆွဲရန် ဆန္ဒပြုမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ နိဒါန်းအပါအဝင် အခန်း (၁) နိုင်ငံတော်အခြေခံမူများ အခန်းမှစ၍ အခန်း (၁၂) ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်းအခန်းထိ ပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ယနေ့ကျင်းပသည့် အစည်းအဝေး၌ အခန်း (၁၃) နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ် သီချင်းနှင့်မြို့တော်အခန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉-၁၂-၂၀၁၉)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁,၀၀၀	၁၁,၅၀၀	၆၇၄	၇,၆၈၁,၀၀၀
MTSH	၃,၈၀၀	၃,၈၀၀	၁,၁၉၆	၄,၅၄၄,၈၀၀
MCB	၈,၄၀၀	၈,၁၀၀	၁၁၂	၉၁၀,၈၀၀
FPB	၂၃,၀၀၀	၂၃,၀၀၀	၁,၄၆၃	၃၃,၆၄၉,၀၀၀
TMH	၂,၉၀၀	၂,၉၀၀	၁၃	၃၇,၇၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၉

ရန်ကုန်(ရွှေဈေး) ၁၁၈၃၀၀၀ မန္တလေး(ရွှေဈေး) ၁၁၈၃၀၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၉၀၀/၉၆၅ ကျပ်	၉၆၀/၉၈၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၉၅၀/၉၈၀ ကျပ်	၁၀၃၀/၁၀၃၅ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၈၄၀/၈၈၅ ကျပ်	၉၂၅/၉၃၅ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၉၁၀/၉၈၀ ကျပ်	၉၇၅/၉၉၅ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၅၀၃.၉
(ခ) ဥရောပ	တစ်ယူရို	=	၁၆၇၃.၅
(ဂ) တရုတ်	တစ်ယွမ်	=	၂၁၄.၅၉
(ဃ) ထိုင်း	တစ်ဘတ်	=	၄၉.၈၀၆
(c) မလေးရှား	တစ်ရင်းဂစ်	=	၃၆၃.၁၇
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၁.၁၅၄
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၃၇၂.၆
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၉.၀၅
(စျ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၃၄.၃
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၁၀၉.၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။ ၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ခိုင်မာသည့်ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာ

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ကင်းစင်ကာ ခိုင်မာသည့်ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရမည်ဖြစ်ပါသည်။ ယင်းမှတစ်ဆင့် တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့် ဖက်ဒရယ်မူများနှင့်အညီ မိမိနိုင်ငံတော်နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၁၉ ရက်နေ့တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၅၁/ ၂၀၁၉
၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)
ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး
ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါပြဋ္ဌာန်းချက်များအရ ဒေါ်အေးအေးသန့်ကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ဝုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို မိသားစုတို့အတွက် ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ယူနိုက်တက်ပင်တီကုတ္တေအသင်းတော် (ရန်ကုန်)မှ လူငယ်ခေါင်းဆောင် ဆရာမိုက်ကယ်ဂျေဆင် ဦးဆောင်သောအဖွဲ့က ခရစ်တော်မွေးနေ့အကြိုအဖြစ် လာရောက်ဆုတောင်းမေတ္တာပို့သကြစဉ်။

❍ **နိုင်ငံသူ နိုင်ငံသားများမှ**

ရှေးဦးစွာ နေပြည်တော် သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အသင်းသူ အသင်းသားများက ခရစ္စမတ်ဓမ္မတေးများ သီဆိုကြပြီး ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းကြသည်။

ထို့နောက် သိက္ခာတော်ရဆရာ ဦးစောအောင်အောင်လွင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ မိသားစုတို့အတွက် ဆုတောင်းမေတ္တာပို့သသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် နေပြည်တော် သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အသင်းသူ အသင်းသားများအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

အလားတူ ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ယူနိုက်တက်ပင်တီကုတ္တေအသင်းတော် (ရန်ကုန်)မှ လူငယ်ခေါင်းဆောင် ဆရာမိုက်ကယ်ဂျေဆင် ဦးဆောင်သောအဖွဲ့က လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာ မန်းပါမာစတန်နှင့် လူငယ်အမှုဆောင်အတွင်းရေးမှူး ဆရာပွီးယာတို့ ဦးဆောင်သောအဖွဲ့က လည်းကောင်း နိုင်ငံတော်သမ္မတအိမ်တော်၌ ခရစ္စမတ်ဓမ္မတေးများ သီဆိုကြပြီး ခရစ်တော်မွေးနေ့အကြိုအဖြစ် လာရောက်ဆုတောင်းမေတ္တာပို့သကြသည်။ **သတင်းစဉ်**

ဆုတောင်းမေတ္တာပို့သ

နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို မိသားစုတို့အတွက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီး၊ မိသားစုနှင့် နေပြည်တော် သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အသင်းသူ အသင်းသားများက ခရစ်တော်မွေးနေ့ အကြို ဆုတောင်းမေတ္တာပို့သပေးကြစဉ်။

နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့အတွက် ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာ မန်းပါမာစတန်နှင့် လူငယ်အမှုဆောင်အတွင်းရေးမှူး ဆရာပွီးယာတို့ ဦးဆောင်သောအဖွဲ့က လာရောက်ဆုတောင်းမေတ္တာပို့သကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆန်းဟွာနှင့် POSCO International Corporation မှ Chief Executive Officer Mr. Kim Young Sang တို့က မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။

❖ ရှေ့ဖုံးမှ

နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ရခိုင်ပြည်နယ် သံတွဲမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများက သံတွဲလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး မာန်အောင်မြို့သို့ ရောက်ရှိကြရာ ရခိုင်ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မာန်အောင်နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကား ပြောကြားသည်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမှာစကားကို စာမျက်နှာ ၇ တွင် ဖော်ပြထားပါသည်။)

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရခိုင်ပြည်နယ်အတွင်း ဓာတ်အားစနစ်မှ ဓာတ်အားတိုးတက်သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသော်လည်း မာန်အောင်မြို့နယ်သည် ကျွန်းမြို့ဖြစ်သည့်အတွက် ဓာတ်အားပေးနိုင်မည့် နည်းလမ်းများကို ကြိုးစားရှာဖွေခဲ့ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ POSCO International Corporation တို့ ပူးပေါင်းပြီး လေ့လာဆန်းစစ်မှုများပြုလုပ်ဆောင်ရွက်ခဲ့ရာ Hybrid System–ဆိုလာ၊ ဒီဇယ်နှင့် စွမ်းအင်သိုလှောင်မှုစနစ်(ESS– Energy Storage System) သည် အသင့်တော်ဆုံးနည်းလမ်းဖြစ်သည်ကို သိရှိခဲ့ရသဖြင့် POSCO International Corporation နှင့် ပူးပေါင်း၍ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို ဆောင်ရွက်ခဲ့ပါကြောင်း။

များစွာအထောက်အကူပြု

ယခု နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိမှုကြောင့် မာန်အောင်မြို့နယ်အတွင်းရှိ လူမှုစီးပွားဘဝများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးများ၌ အထောက်အကူဖြစ်မည်ဖြစ်ပြီး ဒေသထွက်ပစ္စည်းများအခြေခံ၍ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများလည်း ထူထောင်နိုင်မည်ဖြစ်ကာ ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ခရီးသွားလုပ်ငန်းအပါအဝင် အခြားကဏ္ဍများ အတွက်လည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအကျဆုံးသည် လျှပ်စစ်မီးဖြစ်သည်နှင့် အညီ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား တိုးတက်ရရှိလာသည်နှင့်အမျှ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသည့် ကဏ္ဍအားလုံး ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ခြင်းကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးမှလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန်နှင့် ဓာတ်အားရရှိသုံးစွဲနိုင်ခြင်း မရှိသေးသည့်ဒေသများကို ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဒေသခံမိဘပြည်သူများကလည်း ပိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် ဆောင်ရွက်နေမှုများနှင့် မာန်အောင်မြို့နယ် တစ်ခုလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အဆင့်လိုက် ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် POSCO International Corporation မှ Chief Executive Officer Mr. Kim Young Sang က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်ထဲ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မာန်အောင်မြို့နယ် ပြည်သူများကိုယ်စား မာန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နုအောင်က ယနေ့သည် မိမိတို့ မာန်အောင်ကျွန်းပေါ်တွင် နေထိုင်ကြသည့် ပြည်သူများအတွက် အိပ်မက်တစ်ခုအကောင်အထည်ပေါ်လာသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ မိမိတို့တစ်ရက်တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိခဲ့သည့် နေ့တစ်ရက်မှ မရှိခဲ့ပါကြောင်း၊ မိမိတို့မှာရေနံဆီမီးခွက်ဖြင့် ကြီးပြင်းခဲ့ရသူများဖြစ်ပါကြောင်း၊ ယခု ၂၄ နာရီ လျှပ်စစ်မီး ရရှိမည်ဖြစ်သည့်အတွက် မိမိတို့ သား၊ သမီး၊ မြေး၊ မြစ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် လူမှုဘဝများ မြင့်မားလာကြမည်ဖြစ်ပါကြောင်း၊ ထို့အတွက် မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးသည့်အတွက် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

စက်ခလုတ်နှိပ်၍ ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆန်းဟွာနှင့် POSCO International Corporation မှ Chief Executive Officer Mr. Kim Young Sang တို့က မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နေရောင်ခြည်စွမ်းအားရယူပြီး လျှပ်စစ်ဓာတ်အားထုတ်ရန် တပ်ဆင်ထားသည့် ဆိုလာပြားများအား ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆန်းဟွာနှင့် POSCO International Corporation မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် လည်းကောင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယခုဖွင့်လှစ်သည့် မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် POSCO International Corporationမှ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ လူမှုတာဝန်သိအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း အကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဒီဇယ်ဓာတ်အားပေးစက်များနှင့် အချိန်ပိုင်း ဖြန့်ဖြူးပေးနေသည့် မာန်အောင်မြို့ပေါ် (၅)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာ သုံးရွာရှိ အိမ်ထောင်စု ၁၄၃၅ စုအား ယခုဖွင့်လှစ်သည့် ဆိုလာ၊ ဒီဇယ်နှင့် စွမ်းအင်သိုလှောင်မှု ပေါင်းစပ်စနစ်ဖြင့် အချိန်ပိုမိုရ၍ ဓာတ်အားပေးသွားနိုင်မည် ဖြစ်သည်။

ပထမဆုံး အသုံးပြု

လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုရှိသည့် မာန်အောင်မြို့နယ်အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဖြစ်နိုင်မည့် နည်းလမ်းများအား ဆန်းစစ်ကြည့်ရာတွင် အကောင်းဆုံးနှင့် အသင့်တော်ဆုံးနည်းလမ်းဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်ရွေးချယ်ခဲ့ကာ ယခုစီမံကိန်းမှာအဆင့်(၁) ဖြစ်ပြီး Solar Panelအရေအတွက် ၁၄၁၁ ခု၊ ဘက်ထရီ ၇၂၀ တပ်ဆင်ထားပြီး သုညဒသမ ၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ကာ Energy Storage System နှစ်နာရီသိုလှောင်နိုင်စွမ်းရှိကြောင်း၊ ယခုစီမံကိန်းတွင် အသုံးပြုသည့် Energy Storage System နှင့် Diesel Hybrid System မှာ မြန်မာနိုင်ငံတွင် ပထမဆုံး အသုံးပြုဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းအဆင့်(၂) ကို ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများနှင့် စက်မှု လက်မှု လုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်၍ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းထိ နိုင်ငံတော်ဓာတ်အား စနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍ ၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅ –၂၀၂၆ တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ၁၀၀ ရာခိုင်နှုန်း အပြည့်အဝလျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်မှုများရှိပြီး ဓာတ်အားစနစ်နှင့် ဝေးကွာသောဒေသများသို့လည်း လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်အသုံးပြု၍ ဓာတ်အားပေးခြင်း၊ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်များ၊ လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်များ၊ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားပေးနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိအစိုးရလက်ထက်တွင် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ သုံးနှစ်ခွဲကာလအတွင်း ၉၀၄ မဂ္ဂါဝပ်၊ ဓာတ်အားလိုင်းမိုင် စုစုပေါင်း ၁၉၆၁၁ မိုင်၊ ဓာတ်အားခွဲရုံ စုစုပေါင်း ၁၂၆၃၅ အမ်ဗီအေတို့ကို တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့သုံးနှစ်ခွဲကာလအတွင်း မြို့ပေါင်း ၇၂ မြို့၊ ကျေးရွာပေါင်း ၆၀၃၈ ရွာအား ဓာတ်အားစနစ်မှ ဓာတ်အားသုံးစွဲနိုင်အောင် ပိုမိုတိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ မီးသုံးစွဲသူ ၃၄ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ယခုအခါ ၅၀ ဒသမ ၀၉ ရာခိုင်နှုန်းအထိ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှုတိုးတက်လာသကဲ့သို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကိုလည်း လာမည့်နှစ်တွင် ၁၁၆၆ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့

ရခိုင်ပြည်နယ်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၀၁၁ ခုနှစ်က စတင်ပြီး ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် တောင်ကုတ်၊ ကျောက်ဖြူ၊ အမ်း၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦး၊ သံတွဲ၊ ရမ်းဗြဲ၊ ကျောက်တော်နှင့် ပတ်ဝန်းကျင် ကျေးရွာများကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် မအီ၊ မင်းပြားနှင့် ပတ်ဝန်းကျင်ကျေးရွာများကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားခွဲရုံ နှစ်ရုံကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ ဝွမ်မြို့နယ်နှင့် အနီးတစ်ဝိုက်ဒေသများကိုလည်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် လိုအပ်သော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတစ်ရုံတို့ကို ၂၀၁၇ ခုနှစ် ဧပြီလတွင်လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ❖

ယခု နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိမှုကြောင့် မာန်အောင်မြို့နယ်အတွင်းရှိ လူမှုစီးပွားဘဝများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးများ၌ အထောက်အကူဖြစ်မည်ဖြစ်ပြီး ဒေသထွက်ပစ္စည်းများ အခြေခံ၍ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများလည်း ထူထောင်နိုင်မည်ဖြစ်ကာ ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ ခရီးသွားလုပ်ငန်းအပါအဝင် အခြားကဏ္ဍများအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆန်းဟွာနှင့် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

❖ စာမျက်နှာ ၄ မှ

အစိုးရတာဝန်ယူပြီး သုံးနှစ်ခွဲကာလအတွင်း ရခိုင်ပြည်နယ်ရှိ ဝွမ်မြို့အပါအဝင် မအီ၊ မင်းပြား၊ ဝ၊ ကျိန္တလီ၊ မြေပုံ၊ ပေါက်တော၊ စန်း၊ ကမ်းထောင့်ကြီး၊ တပ်တောင်၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော စသည့်မြို့များကို လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မောင်တောမှတစ်ဆင့် ကြိမ်ချောင်းသို့လည်း လိုအပ်သည့် ဓာတ်အားလိုင်းတည်ဆောက်ပြီး ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်လျက်ရှိ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာလအထိ မြို့ပေါင်း ၂၃ မြို့၊ ကျေးရွာ ၅၆၁ ရွာ၊ အိမ်ထောင်စု ၁၂၆၅၉ စုကို ဓာတ်အားပေးနိုင်ပြီးဖြစ်သည့်အတွက် ရခိုင်ပြည်နယ် တစ်ခုလုံး၏ Electrification Ratio မှာ ၃၀ ဒသမ ၅၅ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားရရှိလျက်ရှိကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၅၅ ရာခိုင်နှုန်းအထိလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိလည်းကောင်း ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မာန်အောင်မြို့နယ် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အခု ဒီအခမ်းအနားကို စီစဉ်ပေးတဲ့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနဲ့ ကြွရောက်လာတဲ့ပြည်သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မအထူးသဖြင့် ဒီကို လာချင်တယ်ဆိုတာဟာ ရခိုင်ပြည်နယ်ဖြစ်လို့ကို လာချင်တာပါ။ ရခိုင်ပြည်နယ်မှာ ငြိမ်းချမ်းမှုမရှိဘူး၊ တည်ငြိမ်မှုမရှိဘူး၊ လက်နက်ကိုင်တိုက်ပွဲတွေဖြစ်နေတယ်ဆိုတော့ အဲဒါကြောင့်မို့ ကျွန်မတို့လာဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံတစ်နိုင်ငံလုံးဟာ ကျွန်မတို့ရဲ့ ပြည်ထောင်စုပဲ။ အေးချမ်းနေတဲ့နေရာတွေကလည်း ကျွန်မတို့ရဲ့ပြည်ထောင်စုပါပဲ။ မအေးချမ်းတဲ့နေရာတွေကလည်း ကျွန်မတို့ရဲ့ ပြည်ထောင်စုပဲ။ မအေးချမ်းတဲ့နေရာတွေကို ကျွန်မတို့ပိုပြီးတော့ ဂရုစိုက်ဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဥပမာပြောရမယ်ဆိုရင် ဆရာဝန်တစ်ယောက်က နေမကောင်းတဲ့လူကို ပိုပြီးတော့ဂရုစိုက်ရတယ်။ နေကောင်းတဲ့လူကို သိပ်ပြီးဂရုစိုက်ဖို့မလိုဘူး။ နေကောင်းတဲ့လူက သူ့ဟာသူမှန်မှန်ကန်ကန် ကျန်းမာရေးနဲ့ ကိုက်ညီတဲ့ နေပုံနေနည်းနဲ့ နေသွားဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျန်းမာရေးချို့တဲ့နေတယ်ဆိုရင်တော့ ဂရုစိုက်ရပါတယ်။ ဒီအတိုင်းပဲ အခုရခိုင်ပြည်နယ်ဟာဆိုရင် တည်ငြိမ်မှုအရ အားနည်းလို့ဆိုပြီးတော့ ကျွန်မတို့အထူးအလေးပေးပြီး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေ လုပ်ဆောင်ပေးပါတယ်။

သေသေချာချာစီစဉ်

စောစောကဝန်ကြီးချုပ် ဦးညီပု ပြောသွားတဲ့အတိုင်းပဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ကျွန်မတို့နိုင်ငံက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရဲ့ ၅၀ ရာခိုင်နှုန်းပဲရပါသေးတယ်။ အဲဒါတွေက ရက်ပိုင်းအတွင်းမှာ ဖြစ်တဲ့ကိစ္စပါ။ ဒါပေမယ့် ရခိုင်ပြည်နယ်ကဆိုရင် ၅၂ ရာခိုင်နှုန်း ရောက်နေပါပြီ။ ပြောရမယ်ဆိုရင် တစ်တိုင်းပြည်လုံးအတိုင်းအတာရဲ့ ပျမ်းမျှခြင်းထက်ပိုပါတယ်။ အဲဒီလို ပိုသွားတာဟာ သူ့ဟာသူ အလိုလိုဖြစ်လာတာ မဟုတ်ပါဘူး။ ကျွန်မတို့ သေသေချာချာစီစဉ်ပြီးတော့လုပ်လို့ ဖြစ်လာတာပါ။

လမ်းပန်းဆက်သွယ်ရေးနဲ့လျှပ်စစ်ဓာတ်အားရရှိရေးဟာ ကျွန်မတို့ရဲ့နိုင်ငံတစ်နိုင်ငံလုံးအတွက် အရေးကြီးပါတယ်။ အထူးသဖြင့် တည်ငြိမ်မှုမရှိတဲ့နေရာတွေအတွက် အရေးကြီးပါတယ်။ ရခိုင်ပြည်နယ်ဟာဆိုရင် ဆယ်စုနှစ်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျကျန်နေခဲ့ရပါတယ်။ နောက်ကျကျန်နေခဲ့ရလို့ကို ကျွန်မတို့အထူးဂရုစိုက်တာပါ။ ဒီရခိုင်ပြည်နယ်မှာ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်မှ ကျွန်မတို့လှည့်ကြည့်တာ မဟုတ်ပါဘူး။ ကျွန်မတို့ အစိုးရ ၂၀၁၆ ခုနှစ်မှာ တာဝန်ယူကတည်းက ရခိုင်ပြည်နယ်ရဲ့ ပြဿနာတွေကို ကျွန်မတို့ဖြေရှင်းမှုဖြစ်မယ်။ မဖြေရှင်းရင် တစ်ကမ္ဘာလုံးကနေပြီးတော့ ကျွန်မတို့နိုင်ငံကို ထိခိုက်နိုင်တဲ့ လုပ်ရပ်တွေ လုပ်လာနိုင်တယ်ဆိုတာ ကျွန်မတို့ ခန့်မှန်းလို့ရပါတယ်။

နောက်ပြီးတော့လည်း ပြင်ပက ဘာလုပ်လုပ်၊ ဘာလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ကိုယ့်ရဲ့နိုင်ငံအတွင်းမှာ ပြဿနာဖြစ်ရင် ကိုယ့်ဟာကိုယ်ဖြေရှင်းဖို့ရာတာဝန်ပါပဲ။ ဒါကြောင့်လည်း ကျွန်မတို့က **ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီဆိုပြီး** အစိုးရသစ်တက်ပြီးတော့ နှစ်လအတွင်းမှာ ကျွန်မတို့ ဖွဲ့လိုက်တာပါ။ ဒါဟာ ရခိုင်ပြည်နယ်မှာ ဖွံ့ဖြိုးမှုရှိမှတည်ငြိမ်မှုရှိမယ်။ တရားဥပဒေ စိုးမိုးရေးရှိမှ ငြိမ်းချမ်းမှုရှိမယ်ဆိုတာကို ကျွန်မတို့ သဘောပေါက်လို့ လုပ်လိုက်တာဖြစ်ပါတယ်။

ဒီရေ၊ ဒီမြေကို ချစ်တယ်ဆိုရင်

၂၀၁၆ ခုနှစ်မှာ စပြီးဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခတွေ၊ အကြမ်းဖက်သမားတွေက ရဲစခန်းတွေကိုစပြီး တိုက်တာတွေလည်း ဒီလိုတည်ငြိမ်သွားမယ့်အခြေအနေကို မရောက်စေချင်လို့လုပ်တယ်လို့ ကျွန်မတို့ဒီလိုပဲမျှော်မှန်းပါတယ်။ ဒီလိုလုပ်ပြီးတော့မှ ပြင်ပကနေပြီးတော့ အကြောင်းအမျိုးမျိုးနဲ့ ကျွန်မတို့နိုင်ငံကို ဖိအားပေးအောင် ကျွန်မတို့နိုင်ငံနဲ့ပတ်သက်ပြီးတော့ အမြင်စောင်းအောင် လုပ်ခဲ့တာပါ။ ဒါဟာမလုပ်ကောင်းတဲ့ကိစ္စပါ။ ဒီနိုင်ငံကို တကယ်ပဲချစ်တယ်။ ဒီရေ၊ ဒီမြေကို ချစ်တယ်ဆိုရင် ဒီရေ၊ ဒီမြေ၊ ဒီနိုင်ငံကို ထိပါးတဲ့ကိစ္စ ဘာမဆိုရှောင်ရမှာ ဖြစ်ပါတယ်။ ငါတို့ရဲ့နေရာလေးဆိုပြီးတော့ ကွက်ပြီးတော့ ကြည့်လို့မရပါဘူး။ ကျွန်မတို့တစ်နိုင်ငံလုံးဆိုတာ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်လိုပါပဲ။ ဒီခန္ဓာကိုယ်မှာ နှလုံးရောဂါရရင်လည်း ရောဂါပဲ။ အသည်းရောဂါရရင်လည်း ရောဂါပဲ။ နှလုံးရောဂါပဲရှိပါတယ်။ ကျန်းမာပါတယ်ဆိုပြီး ပြောလို့မရဘူး။ နှလုံးရောဂါရှိတဲ့လူဟာ မကျန်းမာဘူး။ အသည်းသာမကောင်းတာပါ။ ကျန်းမာပါတယ်လို့ပြောလို့ မရဘူး။ အသည်းမကောင်းရင် မကျန်းမာဘူးဘဲ။ ထိုနည်းလည်းကောင်းပဲ အခြားအစိတ်အပိုင်းတွေ မကောင်းရင်၊ အစိတ်အပိုင်းတစ်ခုမကောင်းရင် လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ်ပြည့်ပြည့်ဝဝကျန်းမာတယ်လို့ ဘယ်တော့မှ ပြောလို့မရပါဘူး။

ဒီအတိုင်းပဲ နိုင်ငံတစ်နိုင်ငံမှာဆိုရင် တစ်စိတ်တစ်ပိုင်းကနေပြီးတော့ အဆင်မပြေရင် ကျွန်မတို့နိုင်ငံတစ်နိုင်ငံလုံးကို ထိပါတယ်။ အဲဒီလိုထိတယ်ဆိုတဲ့စိတ်ဓာတ်လည်းထားရမယ်။ အထူးသဖြင့် ဒီလိုစိတ်ဓာတ်မျိုးကို ရခိုင်ပြည်နယ်လို တည်ငြိမ်မှုရှိသင့်သလောက် မရှိတဲ့နေရာတွေမှာ ဒီလိုစိတ်ဓာတ်ကို ပြည်သူ့လူထုတစ်ယောက်ချင်း တစ်ယောက်ချင်းက ထားဖို့လိုပါတယ်။ ငါ့ထိမှထိတာမဟုတ်ဘူး။ အခြားသူတွေထိရင်လည်း ငါ့ကိုထိတယ်။ ငါတို့မြေပေါ်မှာ နေတဲ့ အေးအတူပူအမျှ၊ တစ်လှေတည်းစီးတဲ့သူတွေထဲက တစ်ယောက်ထိရင် ငါတို့အားလုံးကို ထိတယ်ဆိုတဲ့စိတ်ဓာတ်ကို ထားဖို့လိုပါတယ်။

နိုင်ငံအပေါ်မှာ စေတနာရှိရင်

ကျွန်မစောစောတုန်းကလည်း ပြောသွားပါတယ်။ လက်နက်အင်အားနဲ့ အပြောင်းအလဲလုပ်ဖို့ကြိုးစားတယ်ဆိုတာကို ကျွန်မအရင်က ပြောဖူးပါတယ်။ ဥဒဏ်ပညာ အမြော်အမြင်နည်းလို့လည်း ဖြစ်နိုင်တယ်။ သတ္တိနည်းလို့လည်း ဖြစ်နိုင်တယ်။ စေတနာနည်းလို့လည်းဖြစ်နိုင်တယ်။ နိုင်ငံအပေါ်မှာ စေတနာရှိရင် နိုင်ငံကိုထိမယ့်ကိစ္စကို ဘယ်တော့မှမလုပ်ဘူး။ ဒါပထမပဲ။ ဒုတိယက ဒီနိုင်ငံဟာ အပြောင်းအလဲ လိုအပ်တယ်ဆိုရင်၊ ကိုယ့်မှာဥဒဏ်ပညာရှိရင် ဘယ်လိုနည်းနဲ့ ဒီအပြောင်းအလဲကို တည်တည်ငြိမ်ငြိမ်နဲ့ လုပ်မလဲဆိုတာ စဉ်းစားပြီးတော့ အဖြေရှာလို့ရရမယ်။ ဒီအဖြေမရှာနိုင်ရင် ကိုယ့်မှာဥဒဏ်ပညာ အမြော်အမြင်နည်းလို့ပဲ။ ဒီလို ဘယ်လိုနည်းနဲ့ရအောင် လုပ်ရမလဲဆိုတာသိရက်နဲ့ အဲဒီနည်းကို လိုက်နိုင်တဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယ မရှိဘူးဆိုတာလည်း ဒါသတ္တိမရှိတာပဲ။

ဒါကြောင့်မို့ ကျွန်မတို့နိုင်ငံကို ပြောင်းလဲချင်ရင် ပြောင်းလဲနိုင်တဲ့ အခွင့်အရေးတွေအများကြီး ကျွန်မတို့ပေးထားတယ်။ ဥပမာဆိုပါတော့ ရွေးကောက်ပွဲပါ။ ရွေးကောက်ပွဲမှာဆိုရင် ကျွန်မတို့ဘယ်ပါတီကိုမှ အသာစီးပေးတာ မဟုတ်ဘူး။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဆိုရင် ဘယ်တုန်းကမှ အသာစီးပေးတာမခံခဲ့ရဘူး။ ဖိနှိပ်တာသာ အများကြီးခံရတယ်။ ဒါပေမယ့်လည်း ကျွန်မတို့ဟာ ငြိမ်းချမ်းတဲ့၊ အကြမ်းမဖက်တဲ့ လမ်းစဉ်ကနေ သွားမယ်ဆိုပြီးတော့ ဆုံးဖြတ်ထားတဲ့အတိုင်း အဲဒီအတိုင်းပဲ ကျွန်မတို့သွားခဲ့တယ်။ အဲဒီအတိုင်းသွားတဲ့အခါ ကျွန်မတို့ ပြည်သူ့လူထုကို ဘယ်လိုစည်းရုံးမလဲ၊ ကျွန်မတို့ရဲ့ ပါတီဟာ လက်နက်အင်အားလည်း မရှိဘူး။ ဓနအင်အားလည်း မရှိဘူး။ ဒီတော့ ကျွန်မတို့ဘယ်လိုအင်အားနဲ့ စည်းရုံးသလဲဆိုရင် ဖြောင့်မတ်တဲ့အင်အားနဲ့ စည်းရုံးတယ်။ ပြည်သူ့အပေါ်မှာ စေတနာထားတဲ့အင်အားနဲ့ စည်းရုံးတယ်။ ပြည်သူ့ကို အလေးထားတဲ့အင်အားနဲ့ စည်းရုံးတယ်။

ပြည်သူကို လေးစားတဲ့အခါကျတော့ စည်းရုံးတဲ့အခါမှာ ပြည်သူကို ကိုယ်နဲ့တန်းတူညီတူ တန်ဖိုးထားပြီးတော့ ကျွန်မတို့ရဲ့ လိုအပ်ချက်တွေ၊ ကျွန်မတို့ရဲ့ ပန်းတိုင်တွေဟာ ဘာလဲဆိုတာ သေသေချာချာရှင်းပြတယ်။ အဲဒီလို ရှင်းပြပြီးတဲ့အခါမှာ သဘောပေါက်လို့ ပြည်သူက ကျွန်မတို့ကို ထောက်ခံလို့ ကျွန်မတို့အစိုးရတစ်ခုဖွဲ့နိုင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေအနေနဲ့ ဒီမိုကရေစီစနစ်အောက်မှာဆိုရင် အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူ့လူထုတစ်ဦးချင်း တစ်ဦးချင်းဟာ ဆင်ခြင်တုံတရားရှိမှ ဒီနိုင်ငံဟာ တိုးတက်မှာပါ။ ဒီတော့ ဆင်ခြင်တုံတရားဆိုတာ ဘာလဲဆိုတာကို စဉ်းစားပါ။ ဆင်ခြင်တုံတရားဆိုတာဟာ ဒီလောကကြီးမှာ ငါတစ်ယောက်တည်း မရှိဘူးဆိုတဲ့ အသိနဲ့စရမယ်။ ဒီလောကကြီးမှာ ငါတစ်ယောက်တည်းသာ ရှိတယ်၊ ငါသာအဓိကပဲ၊ ငါ့အတွက်သာ အဓိကပဲဆိုရင် အဲဒီကတည်းကစပြီးတော့ ဆင်ခြင်တုံတရားဟာ လမ်းမှာတစ်ခါတည်းပိတ်သွားပြီပဲ။

စာမျက်နှာ ၆ သို့ ○

မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မာန်အောင်မြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

○ စာမျက်နှာ ၅ မှ

အဲဒီတော့ ဒီလောကကြီးမှာ ငါတစ်ယောက်တည်းရှိတာ မဟုတ်ဘူး ငါ့အပြင် အများကြီးရှိသေးတယ်။ အများကောင်းစားမှ ငါလည်းကောင်းစားချင်တယ်ဆိုတဲ့စိတ်ရှိမှ သာလျှင် ဒါဆင်ခြင်တုံတရားရမှာ ဖြစ်ပါတယ်။

အဖွဲ့တစ်ခုတည်းရှိတာမဟုတ်

ဒါကို ပိုပြီးချဲ့လိုက်ရင် ငါတစ်ယောက်တည်းရှိတာ မဟုတ်ဘူး။ ငါ့အဖွဲ့တစ်ခုတည်းရှိတာမဟုတ်ဘူး။ ငါ့လူမျိုးတစ်ခုတည်းရှိတာ မဟုတ်ဘူး။ ငါ့ရဲ့လိုအပ်ချက်ဆိုတာပဲ ရှိတာမဟုတ်ဘူးဆိုတာကို နားလည်ရမယ်။ ကိုယ်နဲ့မတူတဲ့သူတွေ၊ ကိုယ်နဲ့အတွေးအခေါ်ချင်း မတူတဲ့သူတွေကိုလည်း လက်ခံနိုင်ရမယ်။ အတွေးအခေါ်ချင်းကို ဖလှယ်နိုင်တဲ့ အင်အားရှိရမယ်။ ကိုယ်ကနေပြီးတော့ တစ်ဖက်က အတွေးအခေါ်တွေက မှားနေတယ်ဆိုရင်၊ မှားနေတယ်လို့ ထင်ရင်၊ မှားနေကြောင်းကို တစ်ဖက်ကနားလည်အောင်လို့ ဖျောင်းဖျနိုင်တဲ့ ဉာဏ်ပညာအစွမ်း ကိုယ့်မှာမွေးယူပါ။ တစ်ခါတည်း ငါနဲ့သဘောထားချင်းမတူရင် ရိုက်လိုက်မယ်ဆိုတဲ့စိတ်ဓာတ်ဟာ ဉာဏ်ပညာအမြော်အမြင်မရှိတဲ့ လူတွေရဲ့စိတ်ဓာတ်ပဲ။ တကယ်ဆိုရင်သတ္တိမရှိတဲ့လူတွေရဲ့ စိတ်ဓာတ်ပဲ။ ဉာဏ်ပညာကိုသုံးပြီးတော့ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကိုရောက်အောင်သွားဖို့ဆိုတာ အင်မတန်မှ ပင်ပန်းပါတယ်။ ဒီပင်ပန်းဒဏ်ကိုမခံနိုင်လို့ ဖြတ်လမ်းနဲ့သွားချင်ရင်တော့ အင်အားသုံးကြတာပေါ့။ အကြမ်းဖက်တဲ့နည်းတွေ သုံးကြတာပေါ့။ အဲဒီဟာတွေကို အဓိကခံနေရတာက ကျွန်မတို့ရဲ့ ပြည်ထောင်စုထဲမှာ အခုအချိန်မှာတော့ ရခိုင်ပြည်နယ်က ပြည်သူတွေဖြစ်ပါတယ်။

အခု မာန်အောင်ကျွန်းလိုနေရာဆိုတာ ဖွံ့ဖြိုးမှုနဲ့ ပတ်သက်ရင် အလားအလာတွေ အင်မတန်မှကောင်းပါတယ်။ ဒီကောင်းတဲ့အလားအလာတွေကို အပြည့်အဝ ပြည်သူတွေ ခံစားနိုင်အောင်လို့ ကျွန်မတို့ကြိုးစားသွားမှာပါ။ ကြိုးစားသွားဖို့ဆိုတာက နံပါတ်တစ်အဓိကကတော့ ပြည်သူလူထုတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ကျွန်မတို့ လိုပါတယ်။ ပြည်သူတွေပူးပေါင်းဆောင်ရွက်မှကျွန်မတို့ရဲ့ပန်းတိုင်ကိုရောက်နိုင်တာပါ။ ဒါကြောင့် ရေရှည်စဉ်းစားပါ။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ တာဝေးအပြေးပြိုင်ပွဲတစ်ခုလိုပဲ။ ခံနိုင်ရည်ရှိရတယ်။ အချိန်ယူနိုင်ရတယ်။ ရေတိုအချိန်အတွင်းမှာ ပြီးမယ့်ကိစ္စမဟုတ်ဘူး။ ရေတိုအချိန်အတွင်းမှာ ပြီးမယ့်ကိစ္စလို့ သဘောထားပြီးတော့ ရှိသမျှအင်အားတွေသုံးလိုက်ရင် ရေရှည်ခရီးက မပြီးခင် လမ်းမှာလဲပါလိမ့်မယ်။

ဒါကြောင့် ကျွန်မတို့က ဆင်ဆင်ခြင်ခြင်နဲ့ ဘယ်အချိန်မှာ ဘာလုပ်ရမလဲ။ ဘာလုပ်သင့်တယ်ဆိုတာကို သေသေချာချာစဉ်းစားရပါတယ်။ ဘယ်တော့မှလည်း တစ်နေရာတည်းအတွက်၊ တစ်ဖွဲ့တည်းအတွက်၊ တစ်စုတည်းအတွက် စဉ်းစားလို့လည်းမဖြစ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ရဲ့ ရခိုင်ပြည်နယ်က ပြည်သူလူထုက ဒီဟာတွေ အားလုံးကို သေသေချာချာ လေ့လာစေချင်ပါတယ်။ ဆင်ခြင်စေချင်ပါတယ်။ သုံးသပ်စေချင်ပါတယ်။ ကိုယ့်ရပ်ကိုယ့်ရွာ ငြိမ်းချမ်းခြင်းဆိုတာဟာ ကိုယ့်နိုင်ငံငြိမ်းချမ်းမှ ဖြစ်မယ်ဆိုတာကိုလည်း သဘောပေါက်စေချင်ပါတယ်။

မှန်မှန်ကန်ကန်သုံးရင် အင်အား

အခု ကျွန်မခရီးသွားရင် အလုပ်ကိစ္စတွေရှိလို့ သွားတာပါ။ ဒါပေမယ့် ရောက်တဲ့နေရာမှာ ပြည်သူတွေနဲ့ တွေ့ဆုံမှုကို ကျွန်မတို့ အမြဲပဲကြိုးစားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေရဲ့အသံကို ကြားချင်လို့၊ နောက်ပြီးတော့လည်း ပြည်သူတွေဟာ တာဝန်သိသိနဲ့ ဒီမိုကရေစီစနစ်ထဲမှာ ဘယ်လိုဆက်ဆံရမလဲဆိုတာကို နားလည်စေချင်လို့ပါ။ တချို့တွေက ဒီလိုအခွင့်အရေးတွေကို အလွဲသုံးစားလုပ်တဲ့သူတွေလည်းရှိတယ်။ ဒီမိုကရေစီအခွင့်အရေးဆိုတာ ဘယ်အခွင့်အရေးနဲ့မှ မကွာခြားဘူး။ အလွဲသုံးစားလုပ်ရင် အန္တရာယ်ပဲ။ မှန်မှန်ကန်ကန်သုံးရင်တော့ အင်အားပဲ။ အဲဒီတော့ ကျွန်မတို့ ဒီလိုပြည်သူတွေနဲ့စုဝေးပြီးတော့ တွေ့တဲ့အခါမှာ ကိုယ့်ရပ်ကိုယ့်ရွာအတွက် တကယ်အကျိုးရှိမယ့် ကိစ္စတွေကို တင်ပြစေချင်တယ်။ ကိုယ်တစ်ယောက်တည်းအတွက်မဟုတ်ဘူး။ တချို့ဆိုရင် ပုဂ္ဂိုလ်ရေးအရ တင်ပြတာတွေရှိတယ်။ ကျွန်မဖြေနိုင်သလောက် ဖြေတယ်။ ဒါပေမယ့် ကျွန်မအမြဲပဲ ထောက်ပြတယ်။ ပုဂ္ဂိုလ်ရေးအရက ပုဂ္ဂိုလ်ရေးအရပဲ။ ကိုယ့်ရပ်ကိုယ့်ရွာ အများကောင်းကျိုးအတွက်သာ ကိုယ်ကတင်ပြသင့်တယ်ဆိုတာ အမြဲပဲသတိပေးပါတယ်။ အခုဆိုရင် ကျွန်မတို့အချိန်ရသရွေ့ ပြည်သူလူထုရဲ့ တင်ပြချက်တွေ၊ မေးမြန်းချက်တွေကိုဖြေဖို့ စီစဉ်ထားပါတယ်" ဟု ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တွေ့ဆုံပွဲတွင် ကြိုတင်တင်ပြထားသည့် မာန်အောင်မြို့နယ် ကမ်းနားရပ်ကွက်မှ ဦးထွန်းမြင့်ဧော်က မာန်အောင်ကျွန်းပတ်လမ်း ကတ္တရာခင်းရန် ကျန်ရှိနေသည့် ၁၁ မိုင်အား ဆက်လက်ဆောင်ရွက်ပေးရေး၊ ပလင်ကျေးရွာ အုပ်စုမှ ဦးမောင်ဝင်းလှိုင်က ပလင်၊ ကအီး၊ ကံတိုင်းအုပ်ကျေးရွာများရှိ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် လျှိုပိတ်ဆည်တစ်ခု တည်ဆောက်ပေးရေး၊ ကျီးညိုကျေးရွာ အုပ်စုမှ ဦးပုဖြူက ပြည်သူများက လက်ပြင်-ကျီးညို-ကန်စွန်းကျေးရွာအုပ်စုများအတွက် သောက်သုံးရေရရှိရန် ဆည်မှတစ်ဆင့် ရေပိုက်သွယ်တန်းပေးရေး၊ စမုံတဲကျေးရွာ အုပ်စုမှ ဦးတင်ရွှေက မာန်အောင်မြို့နယ် ကျွန်းဖြတ်လမ်းအား ကျောက်ချောလမ်းဆောင်ရွက်ပေးရေးနှင့် သိမ္မလ ကျေးရွာအုပ်စုမှ ဦးခင်မောင်ကြီးက မာန်အောင် - ရမ်းဗြဲ ဇက်ရေယာဉ်ပြေးဆွဲပေးရေး မေးခွန်းတို့ကိုလည်းကောင်း၊ မဏ္ဍပ်အတွင်းမှ မဲစနစ်ဖြင့် ကိုယ်တိုင်ကိုယ်ကျမေးမြန်းလာသည့် ညောင်ကုန်းကျေးရွာမှ ဒေါ်သီတာဝင်းက ညောင်ပင်လှ - ညောင်ကုန်းကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရေး၊ ကင်းတဲကျေးရွာမှ ဦးချစ်အေးက မြို့နှင့်ပတ်ဝန်းကျင် (၃) မိုင် အကွာအဝေးရှိသည့်ဒေသများ လျှပ်စစ်မီးရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးရေး၊ ကျီးညိုကျေးရွာမှ ဦးမြင့်ရွှေက ကျီးညို၊ လက်မဲ၊ ကန်းစွန်းကျေးရွာများ အတွက် လူနာတင်ယာဉ်တစ်စီး ကူညီပေးနိုင်ရေး၊ မိမွကြွယ် ကျေးရွာမှ ဦးခင်မောင်ဝင်းက မိမွကြွယ်ကျေးရွာရှိ သောက်သုံးရေကန်ပြုပြင်ပေးရေးနှင့် သစ်ပုံကျေးရွာမှ ဦးဝင်းမြင့်သိန်းက သစ်ပုံကျေးရွာ မြေအသုံးပြုထားသည့် MPT ဆက်သွယ်ရေးတိုင်အတွက် မြေအသုံးပြုခရရှိရေး မေးခွန်းတို့ကိုလည်းကောင်း မေးမြန်းကြရာ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ကဏ္ဍအလိုက် သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ချက်ချင်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် ရေရှည်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့်အချက်များ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား သတိပေးပြောကြားလိုပါကြောင်း၊ အလုပ်တစ်ခုဆောင်ရွက်မည်ဆိုပါက ပြည်သူလူထုအား အသိပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုက ဆောင်ရွက်လိုသည့်ကိစ္စကို ဆောင်ရွက်ပါက ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့် အချက်များကိုပါ လေးလေးစားစားဖြင့် သေသေချာချာ ရှင်းပြစေလိုကြောင်း၊ မိမိတို့ ပြည်သူများမှာ နားလည်မှုနှင့် တုံ့ပြန်တတ်ပါကြောင်း၊ ပြည်နယ်အစိုးရနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာများမှ ပြည်သူများအား မရှင်းပြခဲ့မှုများအပေါ် မိမိအနေဖြင့် တောင်းပန်ပါကြောင်း၊ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူလူထုဆိုသည်မှာ တာဝန်ရှိသလို လုပ်ပိုင်ခွင့်ရှိသည်ကိုလည်း သဘောပေါက်ကြစေလိုကြောင်း၊ လုပ်ပိုင်ခွင့်ကို မှန်မှန်ကန်ကန် အသုံးပြုပြီး တာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်စေလိုပါကြောင်း၊ အစိုးရရော၊ ပြည်သူ့ရော တာဝန်နှင့် လုပ်ပိုင်ခွင့်ကို သေသေချာချာကိုင်စွဲသွားပါက မိမိတို့နိုင်ငံမှာ တိုးတက်မှုနှုန်းမြန်မည့် နိုင်ငံဖြစ်ပါကြောင်း၊ ယင်းကို မှန်မှန်ကန်ကန် အသုံးပြုရန်မှာ အရေးကြီးပါကြောင်း၊ မာန်အောင်မြို့နယ်နှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုအင်ဆန္ဒပြည့်ဝကြစေရန် ဆုတောင်းပေးလိုက်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မဏ္ဍပ်အပြင်၌ စောင့်ဆိုင်းနေကြသည့် ဒေသခံပြည်သူများအား ရင်းနှီးခင်မင်စွာ လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မာန်အောင်မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ သံတွဲမြို့သို့ရောက်ရှိကြပြီး ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

နယ်မြေတည်ငြိမ်ရေးဟာ ရင်းနှီးမြှုပ်နှံဖို့အတွက် အရေးကြီးတယ်ဆိုတာ သဘောပေါက်ဖို့လို

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်းတွင် (၂၄)နာရီ မီးရရှိရေးအတွက် POSCO Daewoo Corporation မှ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၊ Corporate Social Responsibility (CSR) အစီအစဉ်ဖြင့် ဆောင်ရွက်သည့် ဆိုလာ၊ ဒီဇယ်နှင့် စွမ်းအင်သိုလှောင်မှုစနစ် (Manaung RE + ESS Phase I) နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံဖွင့်ပွဲတွင် ပြောကြားသည့် အဖွင့်အမှာစကား

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

ယနေ့ကျင်းပပြုလုပ်တဲ့ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ POSCO Daewoo Corporation မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ မာန်အောင်နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်နိုင်ခြင်းဟာ ရခိုင်ပြည်နယ်အတွက် အလွန်အရေးပါပြီး အလွန်မင်္ဂလာရှိတဲ့ နေ့တစ်နေ့လည်း ဖြစ်ပါတယ်။ မိမိတို့နိုင်ငံအတွက် အရေးအကြီးဆုံး လိုအပ်ချက်တွေထဲမှာ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်မီးရရှိရေးတို့ ပါဝင်ပြီး မိမိတို့အစိုးရ စတင်တာဝန်ထမ်းဆောင်ချိန်မှစပြီး လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ကဏ္ဍတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ခဲ့ပါတယ်။ လျှပ်စစ်မီးလင်းရေးဆိုတာ နေဝင်သွားတဲ့အချိန်မှာ မီးလင်းရုံသက်သက်အတွက်သာမဟုတ်ဘဲ လျှပ်စစ်ဓာတ်အားကို မိမိတို့ပြည်သူများ

လက်နက်ကိုင်တဲ့ နည်းဆိုတာ သတ္တိရှိတဲ့နည်း မဟုတ်ပါဘူး။ လက်နက်မကိုင်ဘဲနဲ့ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို ရောက်အောင်လို့ ဇွဲ၊ ဝီရိယနဲ့ သွားနိုင်တာဟာ ဒါမှ တကယ့်သတ္တိ ဖြစ်ပါတယ်။ လက်နက်ကိုင်မှ သတ္တိရှိတယ်ဆိုတာ လက်နက်မရှိတော့ရင် ကိုယ်ဟာ ဘာမှ မဟုတ်တော့ဘူးဆိုတာကို အဲဒါတွေကိုလည်း နှလုံးသွင်းဖို့ လိုပါတယ်။

ရဲ့ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးလာအောင် သုံးစွဲနိုင်ရေးပဲဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ၂၄ နာရီ အပြည့်အဝရရှိသုံးစွဲနိုင်တာနဲ့အမျှ လူနေမှုအဆင့်မြင့်တက်လာသလို လျှပ်စစ်ဓာတ်အားသုံးစွဲရတဲ့ စက်မှုလုပ်ငန်းတွေပါ ဆောင်ရွက်လာနိုင်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေကိုပါတိုးတက်စေနိုင်ပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ထောင်စုတစ်ခုလုံး အကြားအလင်းရရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်မီးရရှိရေးကို ဦးစားပေးဆောင်ရွက်နေတာဖြစ်ပါတယ်။

အများကြီးကြိုးစားဆောင်ရွက်ဖို့လို

ကျွန်မတို့ရဲ့ အိမ်နီးနားချင်းနိုင်ငံများမှာဆိုရင် လျှပ်စစ်ဓာတ်အားကို ၈၀ ရာခိုင်နှုန်းကျော်၊ ၉၀ ရာခိုင်နှုန်းကျော်၊ ၁၀၀ ရာခိုင်နှုန်းပြည့်အထိ ရောက်အောင်ပေးနိုင်ပေမယ့် ကျွန်မတို့နိုင်ငံမှာ အခုနှစ် ၂၀၁၉ ခုနှစ်အကုန်အထိ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရဲ့ ၅၀ ရာခိုင်နှုန်းသာ ပေးနိုင်သေးတာကို တွေ့ရမှာပါ။ ဒါကြောင့်မို့ ကျွန်မတို့နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားပိုမိုရရှိဖို့ အများကြီးကြိုးစားဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။

အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးကိုရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေးနဲ့၊ ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို ကျွန်မတို့အကောင်အထည်ဖော်ဆောင်သွားမှာဖြစ်ကြောင်း အစိုးရသစ်စတင်ဖွဲ့စည်းစဉ်ကတည်းက ကြေညာခဲ့ပါတယ်။ ပြည်သူလူထုအနေနဲ့ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေး အကောင်အထည်ဖော်နိုင်ဖို့အတွက် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်ဖြစ်တဲ့ Sustainable Development Goals (SDGs) နဲ့ လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲထားတဲ့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို ၂၀၁၈ ခုနှစ်မှာ ထုတ်ပြန်ပြီးဖြစ်ပါတယ်။ မဏ္ဍိုင်(၃)ရပ်နဲ့ ပန်းတိုင်(၅) ခုပါဝင်တဲ့ MSDP ရဲ့ပန်းတိုင်အများစုအောင်မြင်ရေးဟာ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအပေါ် များစွာမူတည်နေပါတယ်။

ဓာတ်အားစနစ်ရောက်ရှိခဲ့

နိုင်ငံတော်အနေနဲ့ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ၃ နှစ်ခွဲကာလအတွင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၃)ရုံ၊ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ (၆)ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ(၁)ရုံ စုစုပေါင်း(၁၀)ရုံ (၉၀၄ မဂ္ဂါဝပ်)၊ ဓာတ်အားလိုင်းမိုင် စုစုပေါင်း ၁၉၆၁၁ မိုင်၊ ဓာတ်အားခွဲရုံ စုစုပေါင်း ၁၂၆၃၅ အမ်ဗီအေတို့ကိုလည်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ယခင်လျှပ်စစ်ဓာတ်အားစနစ်မရောက်ရှိသေးတဲ့ ဒေသများကို လျှပ်စစ်ဓာတ်အားစနစ် ရောက်ရှိအောင် ဆောင်ရွက်ပေးခဲ့ရာမှာ ကရင်ပြည်နယ်မှာ မြဝတီမြို့နဲ့ ရခိုင်ပြည်နယ်မှာ မောင်တောမြို့တွေအထိ ဓာတ်အားစနစ်ရောက်ရှိခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် မတ်လတုန်းက တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၃၄ ရာခိုင်နှုန်း)အတွက်သာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ရာ ကျွန်မတို့အစိုးရ တာဝန်ယူပြီး သုံးနှစ်ခွဲအကြာ ဒီနှစ် ဒီဇင်ဘာလမှာ တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၅၀ ရာခိုင်နှုန်း)အထိ တိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ လာမယ့် ၂၀၂၅- ၂၀၂၆ မှာဆိုရင် တစ်နိုင်ငံလုံး ၇၅ ရာခိုင်နှုန်း၊ ၂၀၃၀ မှာ ၁၀၀ ရာခိုင်နှုန်း ရာနှုန်းပြည့်သုံးစွဲနိုင်အောင် မျှော်မှန်းပြီး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မဟာဓာတ်အားလိုင်းနဲ့ နီးစပ်တဲ့ဒေသတွေမှာ မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဓာတ်အားစနစ်နဲ့ အလှမ်းဝေးကွာတဲ့ ဒေသတွေမှာ အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်များ၊ လေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်များ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်များ၊ ဒီဇယ်ဆီသုံး လျှပ်စစ်ဓာတ်အားပေးစက်များနဲ့ ဓာတ်အားပေးနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိရာမှာ အခုမာန်အောင်က နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။

နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတွေဟာ စက်ရုံတည်ဆောက်ဖို့ မြေနေရာအကျယ်အဝန်းများစွာ လိုအပ်ခြင်း၊ ရာသီဥတုအပေါ် မှီခိုရပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခ ဈေးနှုန်းကြီးမြင့်ပါတယ်။ စွမ်းအင်ကို သိုလှောင်ထိန်းသိမ်းမှု (Battery Storage) အတွက် ကုန်ကျစရိတ်ကြီးမြင့်ခြင်း စတဲ့ အားနည်းချက်တွေရှိပါတယ်။ ဒါပေမယ့် လျှပ်စစ်ဓာတ်အားထုတ်ဖို့ လိုအပ်တဲ့ နေရောင်ခြည်စွမ်းအင်ဟာ စဉ်ဆက်မပြတ် ရရှိနေတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်ပြီး လောင်စာလိုအပ်မှုမရှိခြင်း၊ ထိန်းသိမ်းပြုပြင်မှုစရိတ် သက်သာခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်မှုလျော့ချပေးနိုင်ခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုရရှိစေနိုင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းစေသောပစ္စည်းများ စွန့်ထုတ်မှုအလွန်နည်းပါးခြင်း စတဲ့ အားသာချက်များစွာရှိပါတယ်။ ဒီနှစ် ဇွန်လအတွင်းကလည်း မကွေးတိုင်းဒေသကြီး မင်းဘူးမှာ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွက် လုံလောက်တဲ့ လျှပ်စစ်ဓာတ်အားရရှိစေဖို့ နည်းလမ်းအမျိုးမျိုးနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ရှိ သဘာဝအရင်းအမြစ်များကို သုံးစွဲပြီး ကျောက်ဖြူဒေသမှာ သဘာဝဓာတ်ငွေ့နဲ့ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (၁၃၅ မဂ္ဂါဝပ်) ကို ထပ်မံတည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ၂၃၀ ကေဗွီ ကျောက်ဖြူဓာတ်အားခွဲရုံ အနီးမှာ LNG လောင်စာကို အသုံးပြုပြီး ၁၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စိတ်ချယုံကြည်စွာ သုံးစွဲနိုင်

လက်ရှိအနေအထားအရ ကျွန်မတို့မြန်မာနိုင်ငံမှာ နှစ်စဉ်လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲမှုဟာ ၁၅ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းအထိရှိတဲ့အတွက် အဲဒီနှစ်စဉ် ဓာတ်အားတိုးတက်လိုအပ်ချက်တွေ ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ရေးအတွက်ကိုလည်း မဟာဗျူဟာမြောက်အစီအစဉ်များ ရေးဆွဲဆောင်ရွက်အကောင်အထည်ဖော်လျက် ရှိပါတယ်။ မဟာဗျူဟာမြောက် အစီအစဉ်ရေးဆွဲရာမှာ အနာဂတ်ဓာတ်အားလိုအပ်မှုအခြေအနေ၊ အရင်းအမြစ်မျိုးစုံပါဝင်တဲ့ ဓာတ်အားထုတ်လုပ်ခြင်း၊ ထုတ်လုပ်လိုက်တဲ့ ဓာတ်အားတွေကို တစ်နိုင်ငံလုံးရောက်အောင် ပို့ဆောင်ရာမှာ တောင့်တင်းတဲ့ ဓာတ်အားကွန်ရက်နဲ့ သယ်ဆောင်နိုင်ဖို့ ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းများနဲ့ ၅၀၀ ကေဗွီ ပြည်ထောင်စုမဟာဓာတ်အားလိုင်းများ တည်ဆောက်ခြင်းများကိုလည်း ထည့်သွင်းရေးဆွဲဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် လျှပ်စစ်ဓာတ်အား ရရှိပြီးသူများအတွက်ကိုလည်း ဓာတ်အား မကြာခဏ ပြတ်တောက်ခြင်းမရှိဘဲ တည်ငြိမ်စွာနဲ့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်စေဖို့ Distribution Line များကိုလည်း အဆင့်မြှင့်တင်လျက်ရှိပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ဓာတ်အားပိုင်းလို အခြေခံအဆောက်အဦးပိုင်းမှာ တိုးတက်မှုတွေ ရှိလာပေမယ့် ဒီလိုတိုးတက်မှုတွေကို ထိထိရောက်ရောက် သုံးစွဲနိုင်ဖို့ ငြိမ်းချမ်းရေးဟာ အလွန်အရေးကြီးပါတယ်။ နယ်မြေတည်ငြိမ်အေးချမ်းမှ အခြေခံအဆောက်အဦးဖွံ့ဖြိုးရေးစီမံကိန်းတွေကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မှာပါ။ တည်ငြိမ်အေးချမ်းမှုမရှိရင် အခြေခံအဆောက်အဦးဖွံ့ဖြိုးရေးလုပ်နိုင်ဖို့ မလွယ်ကူသလို ရင်းနှီးမြှုပ်နှံမှုတွေလည်း ကြီးကြီးမားမား ရှိလာမှာ မဟုတ်ပါဘူး။ **ရင်းနှီးမြှုပ်နှံတယ်ဆိုတာ မြှုပ်နှံတဲ့ ကုမ္ပဏီအနေနဲ့ သူတို့အတွက် အကျိုးအမြတ်ရှိမှ လာမှာပါ။ နယ်မြေမတည်ငြိမ်ဘူးဆိုရင် မလာချင်ကြပါဘူး။ ဒါကြောင့်မို့ နယ်မြေတည်ငြိမ်ရေးဟာ ရင်းနှီးမြှုပ်နှံဖို့အတွက် အင်မတန်မှ အရေးကြီးတယ်ဆိုတာ ကျွန်မတို့အားလုံး သဘောပေါက်ဖို့ လိုပါတယ်။**

စဉ်းစားသုံးသပ်ကြဖို့လို

ခေတ်အဆက်ဆက်မူဝါဒအမှားတွေ၊ စီမံခန့်ခွဲမှုအားနည်းချက်တွေကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျရတဲ့အထဲမှာ ဘူးလေးရာဖရုံဆင့်ဆိုသလို လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်နေမယ်၊ တည်ငြိမ်အေးချမ်းမှု မရှိဘူးဆိုလို့ ရှိရင် ဒေသခံလူထုမှာ ဖွံ့ဖြိုးတိုးတက်ရေးအသာထားလို့ အသက်ရှင်ရပ်တည်ရေးအတွက်တောင် မနည်းရုန်းကန်ကြရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၈ သို့ ❐

ကျွန်မတို့နိုင်ငံက ပြည်ထောင်စုပါ။ ကျွန်မ ဒါကို ထပ်တလဲလဲ ပြောပါတယ်။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားမျိုးစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်ခုပါ။ ဒီလို တိုင်းရင်းသားမျိုးစုံ၊ ယဉ်ကျေးမှုမျိုးစုံ၊ ကိုးကွယ်တဲ့ ဘာသာမျိုးစုံ၊ ဘာသာစကားမျိုးစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဆိုတာဟာ တကယ်တော့ ကျွန်မတို့သာ ညီညွတ်မှုရရှိမယ်ဆိုရင် အင်မတန်မှ အင်အားတောင့်မယ့် ပြည်ထောင်စုပါ။ ဘာဖြစ်လို့လဲဆိုတော့ အရည်အချင်းအမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးနဲ့ မြင်ပုံမြင်နည်းအမျိုးမျိုး ရှိတယ်။ လူ ၃ ယောက်၊ ၄ ယောက်ကနေဝိုင်းပြီး ပြဿနာတစ်ခုကို ဖြေရှင်းလိုက်လို့ရှိရင် တစ်ယောက်တည်း ဖြေရှင်းတာထက်ပိုပြီး ထိရောက် သလိုပါပဲ။ ကျွန်မတို့ရဲ့ မတူကွဲပြားမှုတွေက ကျွန်မတို့ရဲ့ အင်အားပါ။ ဒါပေမယ့် အင်အားကို ကောင်းကောင်းသုံးတတ်မှ ကျွန်မတို့အတွက် အကျိုးရှိမှာပါ။ ဒီအင်အားတွေကို ကျွန်မတို့ ပြုန်းတီးအောင်လို့ ကိုယ့်ရဲ့အတ္တတွေ၊ ကိုယ့်ရဲ့ဒေါသတွေ၊ ကိုယ်ရဲ့လောဘတွေကို လိုက်နေမယ်ဆိုရင် ကျွန်မတို့ရဲ့ ပြည်ထောင်စုကို ထိခိုက်ပါလိမ့်မယ်။ ပြည်ထောင်စုကို ထိခိုက်လို့ရှိရင် တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို ထိခိုက်မယ်ဆိုတာ ကျွန်မ သဘောပေါက်စေချင်ပါတယ်။

❒ စာမျက်နှာ ၇ မှ

ဒါကြောင့် ဘာပဲလုပ်လုပ် ဒေသခံတွေအတွက် ဦးစားပေးစဉ်းစားပေးပါလို့ ကျွန်မ အမြဲပဲပြောလေ့ရှိတယ်။ မိမိတို့လုပ်ရပ်ဟာ ဒေသခံတွေအတွက် အခြေအနေပိုကောင်းသွားစေသလား၊ ပိုဆိုးသွားစေသလား အလွယ်တကူ သိနိုင်ပါတယ်။ အရင်တုန်းက အချိန်မရွေး၊ နေရာမရွေး အေးအေးချမ်းချမ်း အသက်မွေးဝမ်းကျောင်းနိုင်တဲ့ နေရာတွေမှာ ကျီးလန့်စာစားနဲ့ ဖြစ်နေကြပြီလား၊ မိမိတို့လုပ်ရပ်ကြောင့် ကိုယ့်မိဘ၊ ကိုယ့်ရဲ့ဆွေမျိုး၊ ညီအစ်ကိုမောင်နှမတွေ ဒုက္ခပင်လယ်ဝေနေကြပြီလား သေသေချာချာ စဉ်းစားသုံးသပ်ကြဖို့ လိုပါတယ်။

အထူးသဖြင့် ပြည်သူကိုကိုယ်စားပြုတဲ့ လွှတ်တော်တွေ ရှိလာပြီ၊ ပြည်သူ့ဆန္ဒကို အလေးထားတဲ့ ပြည်သူ့အစိုးရရှိလာပြီ၊ တိုင်းရင်းသားမိဘ ပြည်သူအားလုံးရဲ့ မျှော်မှန်းချက်တွေနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံမူတွေချမှတ်နိုင်ဖို့ နိုင်ငံရေးဆွေးနွေးပွဲတွေ ရှိလာနေပါပြီ။ ဒီလိုအချိန်မှာ မိမိတို့ရဲ့ လိုလားချက်တွေကို လက်နက်ကိုင်ပြီး အကြမ်းနည်းနဲ့တောင်းဆိုဖို့ လိုပါရဲ့လား၊ အကြမ်းနည်းကြောင့် မိမိတို့ဆွေမျိုးသားချင်းတွေ ထိခိုက်ခံစားနေရတာ တကယ်ပဲ လိုအပ်လို့လား၊ မိမိတို့ လိုလားချက်တွေကို နိုင်ငံရေးနည်းနဲ့၊ စေ့စပ်ဆွေးနွေးအဖြေရှာမယ်ဆိုရင် အားလုံးထိခိုက်နာကျင်မှု အနည်းဆုံးမဖြစ်ဘူးလားဆိုတာတွေကို သေသေချာချာ စဉ်းစားသုံးသပ်ကြစေချင်ပါတယ်။ လက်နက်ကိုင်တဲ့နည်းဆိုတာ သတ္တိရှိတဲ့နည်း မဟုတ်ပါဘူး။ လက်နက်မကိုင်ဘဲနဲ့ ကိုယ်လိုချင်တဲ့ပန်းတိုင်ကိုရောက်အောင်လို့ ဇွဲ၊ ဝီရိယနဲ့ သွားနိုင်တာဟာ ဒါမှ တကယ့်သတ္တိဖြစ်ပါတယ်။ လက်နက်ကိုင်မှ သတ္တိရှိတယ်ဆိုတာ လက်နက်မရှိတော့ရင် ကိုယ်ဟာ ဘာမှမဟုတ်တော့ဘူးဆိုတာကို အဲဒါတွေကိုလည်း နှလုံးသွင်းဖို့ လိုပါတယ်။

ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးတဲ့ အချိန်ကနေစပြီးတော့ တစ်နိုင်ငံလုံး ၁၀၀ ရာခိုင်နှုန်း ငြိမ်းချမ်းတယ်ဆိုတာ မရှိခဲ့ပါဘူး။ တစ်ချိန်လုံး တစ်နေရာမဟုတ် တစ်နေရာမှာ ပြည်တွင်းပဋိပက္ခမီးတွေက တောက်လောင်နေတာကို တွေ့ရပါတယ်။ ကျွန်မတို့နိုင်ငံမှာ တောက်လောင်နေတဲ့ အပူမီးတွေကို ငြိမ်းချမ်းသွားရေးဟာလည်း လျှပ်စစ်အင်အားထက်တောင် ပိုပြီး အရေးကြီးတယ်ဆိုတာကို ကျွန်မတို့ သဘောပေါက်နားလည်ဖို့ လိုပါတယ်။ လျှပ်စစ်အင်အား၊ လျှပ်စစ်အင်အားပဲ၊ ငြိမ်းချမ်းရေးအင်အားကို ဘာနဲ့မှ မယှဉ်နိုင်ဘူး။ ကျွန်မတို့ သေသေချာချာ စဉ်းစားဖို့ အရေးကြီးပါတယ်။

ကျွန်မတို့ကြိုးစားနေ

ဒါပေမယ့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ငြိမ်းချမ်းရေးတစ်ခုတည်းကို ဦးတည်ဆောင်ရွက်လို့ မရပါဘူး၊ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးတည်ရပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ ငြိမ်းချမ်းရေးကို ခိုင်မာအောင်လုပ်နိုင်မှာ ဖြစ်ပါတယ်။ MSDP မှာ ဖော်ပြထားတဲ့အတိုင်း အားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးနဲ့ အားလုံးအတွက် ဖွံ့ဖြိုးမှုအတူတွဲဆက်ထားမှသာ အဓွန့်ရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးနဲ့ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုရရှိနိုင်မှာဖြစ်တာကို ကျွန်မတို့ အသိအမှတ်ပြုထားပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးတို့ကို တစ်ပြိုင်နက် ရရှိရေးအတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ **တစ်ခုပြီးမှတစ်ခု မဟုတ်ပါဘူး။ တစ်ချိန်တည်းမှာ နှစ်ခုစလုံးကို အောင်မြင်အောင် လုပ်ရမှာပါ။** ဒါကြောင့် ကျွန်မတို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ တစ်ပြိုင်နက်တည်းမှာပဲ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်နေတာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုမရှိတော့ ကျေနပ်မှုမရှိဘူး၊ ကျေနပ်မှုမရှိတော့ ဒေါသတွေကပွားတယ်၊ ဒေါသတွေပွားတော့ လက်နက်ကိုင်တိုက်ခိုက်ရေးကို တွန်းပို့တယ်။ မငြိမ်းချမ်းတော့ ဖွံ့ဖြိုးတိုးတက်မှုမရှိဘူးဆိုတဲ့ အဆိုးကျော့သံသရာက ဖောက်ထွက်နိုင်ဖို့ ကျွန်မတို့ကြိုးစားနေရတာ ဖြစ်ပါတယ်။

နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူလူထုရဲ့ လူနေမှုအဆင့်တိုးတက်မြင့်မားရေးဟာ လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်မှုနဲ့ တိုက်ရိုက်ဆက်စပ်လျက်ရှိပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်း အပြည့်အဝဖြန့်ဖြူးပေးနိုင်ရေး ရည်မှန်းချက်အောင်မြင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်သလို ဖွံ့ဖြိုးရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းကူညီပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ တောက်လောင်နေတဲ့ အပူမီးတွေကို ငြိမ်းချမ်းသွားရေးဟာလည်း လျှပ်စစ်အင်အားထက်တောင် ပိုပြီးအရေးကြီးတယ်ဆိုတာကို ကျွန်မတို့ သဘောပေါက်နားလည်ဖို့ လိုပါတယ်။ လျှပ်စစ်အင်အား၊ လျှပ်စစ်အင်အားပဲ၊ ငြိမ်းချမ်းရေးအင်အားကို ဘာနဲ့မှ မယှဉ်နိုင်ဘူး။ ကျွန်မတို့ သေသေချာချာ စဉ်းစားဖို့ အရေးကြီးပါတယ်။

ဒီမိုကရေစီတာဝန် ကျေဖို့လို

နိဂုံးချုပ်အနေနဲ့ ပြောရရင် ကျွန်မတို့နိုင်ငံက ပြည်ထောင်စုပါ။ ကျွန်မဒါကို ထပ်တလဲလဲ ပြောပါတယ်။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားမျိုးစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်ခုပါ။ ဒီလိုတိုင်းရင်းသားမျိုးစုံ၊ ယဉ်ကျေးမှုမျိုးစုံ၊ ကိုးကွယ်တဲ့ ဘာသာမျိုးစုံ၊ ဘာသာစကားမျိုးစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဆိုတာဟာ တကယ်တော့ ကျွန်မတို့သာ ညီညွတ်မှုရရှိမယ်ဆိုရင် အင်မတန်မှ အင်အားတောင့်မယ့် ပြည်ထောင်စုပါ။ ဘာဖြစ်လို့လဲဆိုတော့ အရည်အချင်းအမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးနဲ့ မြင်ပုံမြင်နည်းအမျိုးမျိုး ရှိတယ်။ လူ ၃ ယောက်၊ ၄ ယောက်ကနေပိုင်းပြီး ပြဿနာတစ်ခုကို ဖြေရှင်းလိုက်လို့ရှိရင် တစ်ယောက်တည်း ဖြေရှင်းတာထက်ပိုပြီး ထိရောက်သလိုပါပဲ။ ကျွန်မတို့ရဲ့ မတူကွဲပြားမှုတွေက ကျွန်မတို့ရဲ့ အင်အားပါ။ ဒါပေမယ့် အင်အားကို ကောင်းကောင်းသုံးတတ်မှ ကျွန်မတို့အတွက် အကျိုးရှိမှာပါ။ ဒီအင်အားတွေကို ကျွန်မတို့ ပြန်းတီးအောင်လို့ ကိုယ့်ရဲ့အတ္တတွေ၊ ကိုယ့်ရဲ့ဒေါသတွေ၊ ကိုယ်ရဲ့လောဘတွေကို လိုက်နေမယ်ဆိုရင် ကျွန်မတို့ရဲ့ပြည်ထောင်စုကို ထိခိုက်ပါလိမ့်မယ်။ ပြည်ထောင်စုကို ထိခိုက်လို့ရှိရင် တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို ထိခိုက်မယ်ဆိုတာ ကျွန်မ သဘောပေါက်စေချင်ပါတယ်။

တချို့က နိုင်ငံရေးဟာ ငါနဲ့မဆိုင်ဘူး၊ နိုင်ငံရေးဆိုတာ အစိုးရနဲ့ပဲဆိုင်တာလို့ ထင်ပါတယ်။ နိုင်ငံရေးဆိုတာ အစိုးရနဲ့ပဲဆိုင်တာဆိုရင် ဒါဒီမိုကရေစီစိတ်ဓာတ် မဟုတ်တော့ဘူး။ နိုင်ငံရေးဆိုတာ အစိုးရနဲ့ပဲဆိုင်တယ်ဆိုရင် ဒီမိုကရေစီလိုချင်စရာအကြောင်းလည်း မရှိဘူး။ အစိုးရလက်ထဲအားလုံးကို ပုံအပ်ထားလိုက်မယ်။ ဒီလိုမလုပ်ချင်လို့ ကျွန်မတို့ ဒီမိုကရေစီလမ်းစဉ်ကို လျှောက်ခဲ့တယ်။ ဒီမိုကရေစီလမ်းစဉ်ကို လျှောက်တယ်ဆိုရင် ဒီမိုကရေစီတာဝန်တွေကျေဖို့ အများကြီး လိုပါတယ်။ ဒီမိုကရေစီတာဝန်တွေရဲ့ထိပ်မှာ ငြိမ်းချမ်းတဲ့နည်းနဲ့ ကိုယ်လိုချင်တဲ့ နိုင်ငံရေးအဖြေရအောင်လုပ်ဖို့ဆိုတာ ပါပါတယ်။ အဲဒါအရေးကြီးဆုံးပါပဲ။ ငြိမ်းချမ်းရေးနည်းနဲ့ ရွေးကောက်ပွဲနည်းကနေတစ်ဆင့် ကိုယ်လိုချင်တဲ့အဖြေကို ရအောင်မလုပ်နိုင်ဘူးဆိုရင် ဒါဟာ ကိုယ့်အရည်အချင်း မပြည့်ဝလို့ပါ။ ဒါကြောင့် ကိုယ့်အရည်အချင်းပြည့်ဝအောင် ဖြည့်ဆည်းကြပါ။ ကျွန်မတို့နိုင်ငံရဲ့ အကျိုးအတွက် ဖွံ့ဖြိုးတိုးတက်မှုရော၊ ငြိမ်းချမ်းရေးရော ပီပီပြင်ပြင် ခိုင်ခိုင်မာမာရရှိအောင်လို့ အားလုံးဝိုင်းပြီးတော့ အားထည့်ပေးကြပါ

တချို့က နိုင်ငံရေးဟာ ငါနဲ့မဆိုင်ဘူး၊ နိုင်ငံရေးဆိုတာ အစိုးရနဲ့ပဲဆိုင်တာလို့ ထင်ပါတယ်။ နိုင်ငံရေးဆိုတာ အစိုးရနဲ့ပဲဆိုင်တာဆိုရင် ဒါဒီမိုကရေစီစိတ်ဓာတ် မဟုတ်တော့ဘူး။ နိုင်ငံရေးဆိုတာ အစိုးရနဲ့ပဲဆိုင်တယ်ဆိုရင် ဒီမိုကရေစီလိုချင်စရာအကြောင်းလည်း မရှိဘူး။ အစိုးရလက်ထဲအားလုံးကို ပုံအပ်ထားလိုက်မယ်။ ဒီလိုမလုပ်ချင်လို့ ကျွန်မတို့ ဒီမိုကရေစီလမ်းစဉ်ကို လျှောက်ခဲ့တယ်။ ဒီမိုကရေစီလမ်းစဉ်ကို လျှောက်တယ်ဆိုရင် ဒီမိုကရေစီတာဝန်တွေကျေဖို့ အများကြီး လိုပါတယ်။ ဒီမိုကရေစီတာဝန်တွေရဲ့ထိပ်မှာ ငြိမ်းချမ်းတဲ့နည်းနဲ့ ကိုယ်လိုချင်တဲ့ နိုင်ငံရေးအဖြေရအောင် လုပ်ဖို့ဆိုတာ ပါပါတယ်။ အဲဒါအရေးကြီးဆုံးပါပဲ။ ငြိမ်းချမ်းရေးနည်းနဲ့ ရွေးကောက်ပွဲ နည်းကနေတစ်ဆင့် ကိုယ်လိုချင်တဲ့ အဖြေကိုရအောင် မလုပ်နိုင်ဘူးဆိုရင် ဒါဟာ ကိုယ့်အရည်အချင်း မပြည့်ဝလို့ပါ။ ဒါကြောင့် ကိုယ့်အရည်အချင်းပြည့်ဝအောင် ဖြည့်ဆည်းကြပါ။ ကျွန်မတို့နိုင်ငံရဲ့ အကျိုးအတွက် ဖွံ့ဖြိုးတိုးတက်မှုရော၊ ငြိမ်းချမ်းရေးရော ပီပီပြင်ပြင် ခိုင်ခိုင်မာမာရရှိအောင်လို့ အားလုံးဝိုင်းပြီးတော့ အားထည့်ပေးကြပါလို့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် POSCO International Corporation မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် POSCO International Corporation မှ CEO Mr. Kim Young-Sang နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရွှေစီမံကိန်းတွင် နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၅၀၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးနေမှုများ၊ သဘာဝဓာတ်ငွေ့ ရှာဖွေရေး တွင်းသစ်များတူးဖော်နေမှုနှင့် ထုတ်လုပ်မှုစမ်းသပ်ရေးအစီအစဉ်များ၊ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ ပိုမိုဖြည့်ဆည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ရခိုင်ပြည်နယ် မာန်အောင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကုမ္ပဏီ၏ လူမှုရေးတာဝန်သိမှု အစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့မှုများ၊ Liquefied Natural Gas (LNG) တင်သွင်း၍ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ ပိုမိုဖြည့်တင်းအသုံးပြုနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ ဝန်ကြီးဌာနမှ ဓာတ်မြေသြဇာထုတ်လုပ်မှုကဏ္ဍ တိုးမြှင့်ရေးနှင့် ရေနံဓာတုဗေဒစက်ရုံများအတွက် ဆောင်ရွက်သွားမည့် အစီအမံများနှင့် သဘာဝဓာတ်ငွေ့သုံး စက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစီအစဉ်များကို ဆွေးနွေးကြသည်။

သတင်းစဉ်

မူကြိုကျောင်းများနှင့် ပြင်ပပုဂ္ဂလိက မူကြိုကျောင်းများကို သင်ရိုးညွှန်းတမ်းများနှင့်အညီ စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်နေ

နေပြည်တော် ဒီဇင်ဘာ ၁၉

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို လွှတ်တော်က အတည်ပြုခြင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်က အတည်ပြုခြင်း၊ နှစ်ပတ်လည်အစီရင်ခံစာ နှစ်ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၏ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသော မူကြိုကျောင်းများနှင့် ပြင်ပပုဂ္ဂလိက မူကြိုကျောင်းများတွင် သင်ရိုးညွှန်းတမ်း စနစ်တကျရေးဆွဲထားခြင်း ရှိ၊ မရှိနှင့် ပြင်ပမူကြိုကျောင်းများကို မည်သည့်ဌာနက မည်သို့ ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်နေသည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသော နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ရေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေအရ မိမိတို့ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးတို့ဖြင့် ဖွဲ့စည်းထားသည့် ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သော ဝန်ကြီးတစ်ဦးဦးက ဥက္ကဋ္ဌနှင့် လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးတို့ ပါဝင်ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့က ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက တင်ပြလာသည့် လျှောက်ထားချက်ကို ဥပဒေနှင့်အညီ စိစစ်ပြီး ခွင့်ပြုချက်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းများ ပြုလုပ်ဆောင်ရွက်နေပါကြောင်း။

ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသော နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေပါကြောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အဆိုပါကျောင်းများကို သင်ရိုးညွှန်းတမ်းများနှင့်အညီ စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်နေပါကြောင်း ရှင်းလင်းဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ
ဒေါက်တာသန်းအောင်စိုး

ဒုတိယဝန်ကြီး
ဦးစိုးအောင်

စစ်ကိုင်းမဲဆန္ဒနယ်မှ
ဦးခင်မောင်သိန်း

ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း

ငပုတောမဲဆန္ဒနယ်မှ
ဦးသန်းအောင်

ရမ်းဗြဲမဲဆန္ဒနယ်မှ
ဦးကျော်ရွှေ

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ **စစ်ကိုင်းမြို့နယ် အုတ်ဖိုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအား သက်ဆိုင်ရာဝန်ကြီးဌာနမှ ကျောင်းနေရာရွှေ့၍ ဆောက်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက စစ်ကိုင်းမြို့နယ် အုတ်ဖိုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ကျောင်းမြေနေရာအသစ်အတွက် လှူဒါန်းလိုသော မြေအလှူရှင်ရှိကြောင်းကို သိရှိရပါကြောင်း၊ သို့သော် ထိုနေရာသည် ပညာရေးဝန်ကြီးဌာနပိုင်၊ နိုင်ငံတော်ပိုင်နေရာဖြစ်ရန် လိုအပ်ပြီး ဌာနပိုင်မြေအဖြစ် ရရှိရေးအတွက် ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကျောင်းမြေနေရာသစ်သို့ ပြောင်းရွှေ့နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာ အသင်းတို့၏ သဘောထားမှတ်ချက်၊ မြေနေရာအသစ်မြေစာရင်း ပုံစံ ၁၀၅၊ မြေနေရာနှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်လာပါက ဖြေရှင်းဆောင်ရွက်မည့် အစီအမံ စသည်ဖြင့် သက်ဆိုင်ရာကျောင်းအနေဖြင့် အမှုတွဲတည်ဆောက်ပြီး မြို့နယ်ပညာရေးမှူးမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူး၏ သဘောထားမှတ်ချက်နှင့်အတူ အခြေခံပညာဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာဦးစီးဌာနမှ ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြပြီး နိုင်ငံတော်ပိုင် မြေနေရာဖြစ်စေရေး ဦးစွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန်အတွက် လိုအပ်သောရန်ပုံငွေများကို လျာထားပြီး ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်

ငပုတော မဲဆန္ဒနယ်မှ ဦးသန်းအောင်၏ **ငပုတောမြို့နယ်တွင် အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေနှင့် စာသင်ခန်းအချိုး မညီမျှသော အခြေခံပညာကျောင်းများကို ၂၀၂၀-၂၀၂၁ ဘတ်ဂျက်တွင် ထည့်သွင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယခုတင်ပြသည့် ကျောင်းများအားလုံးကို စိစစ်သည့်အခါ လွှတ်တော်ကိုယ်စားလှယ် တင်ပြသကဲ့သို့ အဆောက်အဦလိုအပ်လျက်ရှိကြောင်းကိုစိစစ်တွေ့ရှိရသဖြင့် ကျောင်းများအားလုံးကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်တွင် ပြင်ခရိုင် အခြေခံပညာအထက်တန်းကျောင်း၊ ပိုးလောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ သုံးခွ(မန်ကျည်းပင်) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ တောင်ဦး(အထက်ပြွန်) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဘုရားတောင် အခြေခံပညာအထက်တန်းကျောင်းနှင့် သစ်ပုတ္ထိပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန်အတွက် လိုအပ်သောရန်ပုံငွေများကို လျာထားပြီး ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ **ရမ်းဗြဲမြို့နယ် သက်နက်ကျေးရွာတွင် တည်ဆောက်ထားသော Cyclone Shelter အား ပြီးမြောက်အောင် တည်ဆောက်မပေးမှုနှင့် စပ်လျဉ်း၍ သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်ကလည်းကောင်း၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ **ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ ဆောက်လုပ်ရာတွင် နိုင်ငံတော်မှ ပျဉ်းကတိုးကျည်းပေါင်၊ ကျွန်းတံခါးရွက်များပြုလုပ်ရန် ချမှတ်ထားသော ပြတင်းပေါက်များအစား PVC ပြောင်းလဲတပ်ဆင်ခြင်းကို တရားဝင်ခွင့်ပြုခြင်း ရှိ၊ မရှိ** မေးခွန်း၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇောနည်မင်း၏ **အခြေခံပညာအလယ်တန်း သို့မဟုတ် အထက်တန်းတွင် ဒီမိုကရေစီစနစ်နှင့် လွှတ်တော်အခန်းကဏ္ဍတို့အား သင်ရိုးညွှန်းတမ်းတွင် ပြဋ္ဌာန်း၍ သင်ကြားသွားရန် မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **မြန်မာနိုင်ငံတစ်ဝန်းမြို့နယ်များရှိ အ.ထ.က များတွင် အားကစားလေ့ကျင့်ရေးပစ္စည်းများကို ထားရှိဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်း** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် အချက် ကိုးချက်ကို တင်ပြပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အတွက် ကော်မတီဝင် ဒေါက်တာအေးမင်းက အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ သဘောထားရယူအတည်ပြု

ဆက်လက်၍ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစောနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဝင်းမင်းထွန်းတို့က ဆွေးနွေးကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌဦးဇော်သိန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီဝင် ဒေါက်တာဒေါ်ရွှေပုံက အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အတွက် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင်နှင့် သံဖြူဧရပ်မဲဆန္ဒနယ်မှ ဦးဥာဏ်ဟိန်းတို့က ဆွေးနွေးကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌဦးဝင်းထွဋ်က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒေါ်ယဉ်မင်းလှိုင်က အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အတွက် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိုဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုပုံမှန်အစည်းအဝေးကာလအတွင်းတွင် အစည်းအဝေးကျင်းပရက် ၁၈ ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၁၂၈ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၄၆၀ ခု ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝမ်းနည်းကြောင်း အဆိုတစ်ခုအပါအဝင် အဆိုလေးခုတင်သွင်းခဲ့ပြီး အတည်ပြု အဆို နှစ်ခု၊ အတည်မပြုအဆို တစ်ခုနှင့် မှတ်တမ်းတင် အဆိုတစ်ခုတို့ ဖြစ်ကြပါကြောင်း၊ ဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၂၀ ခုရှိပြီး ဥပဒေကြမ်း ၁၀ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၀ ခု ကျန်ရှိပါကြောင်း။

ယခုအစည်းအဝေးကာလအတွင်း တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး ကတိသစ္စာပြုခြင်း၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီတို့တွင် ကော်မတီအဖွဲ့ဝင်များ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီမှ အဖွဲ့ဝင်တစ်ဦး ပယ်ဖျက်ခြင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးကို ကော်မတီများတွင် လေ့လာသူများအဖြစ် အစားထိုးလဲလှယ်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ကော်မတီ ၁၇ ခု၏ နှစ်ပတ်လည်အစီရင်ခံစာကိုလည်း အတည်ပြုနိုင်ခဲ့ပါကြောင်း၊ သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ဦးချင်းစုံစမ်းမေးမြန်းမှု ၄၀ ခု ပြန်ကြားပေးခြင်းနှင့် သုတေသနစာတမ်းတို့ ၁၀ စောင်ကို ဖြန့်ဝေနိုင်ခဲ့ပါကြောင်း။

ယနေ့ကာလသည် ပြည်သူ့ကို ဗဟိုပြုသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသည့်ကာလဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် မဖြစ်မနေ ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့်ကိစ္စများကို မိမိတို့အားလုံး လက်တွဲညီညီနှင့် ဆောင်ရွက်သွားကြရမည့် ကာလဖြစ်ပါကြောင်း၊ သွေးစည်း ညီညွတ်ရမည့်အချိန်ဖြစ်သောကြောင့် စည်းလုံးခြင်းသည် အင်အားဆိုသည့်အတိုင်း အသိနှင့် သတိရှိရမည့်အချိန်လည်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အလာကို ပြန်ကြည့်မည်ဆိုပါက အချင်းချင်းသွေးကွဲသည့်အခါ တိုင်းပြည်နစ်နာခဲ့မှုများကို သင်ခန်းစာယူရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု အကျိုးဖြစ်ထွန်းစေမည့် ကိစ္စများကို ပါတီအဖွဲ့အစည်းမခွဲခြားဘဲ မိမိတို့အားလုံးတွင် တာဝန်ရှိသည်ဟုခံယူပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်သူကို ကိုယ်စားပြုရေးတာဝန်၊ အပြန်အလှန် ထိန်းညှိရေးတာဝန်နှင့် ဥပဒေပြုရေးတာဝန်များကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို သမာသမတ်ကျကျဖြင့် အပြုသဘောဆောင်၍ လုပ်ဆောင်ပေးကြပါ။ ပြည်သူလူထုက လေးစားတန်ဖိုးထားရသည့် ကိုယ်စားလှယ်ကောင်းများဖြစ်အောင် အစဉ်အမြဲ ကျင့်ကြံဆောင်ရွက်ကြပါ။ ပြည်သူများ၏ ယုံကြည်မှုပိုမိုရရှိစေရန်နှင့် ပြည်သူများကိုယ်တိုင် ပါဝင်ခွင့်ရှိသည့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများအတွက် ခိုင်မာအားကောင်းစေရန်အတွက် ပြည်သူများနှင့်အတူ လက်တွဲကူညီဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။ **အေးအေးသန့်(သတင်းစဉ်)**

ကလေးဦးနှောက်နှင့် အာရုံကြောဆေးကုသမှုအဖွဲ့ ၂၀၂၀ ပြည့်နှစ်တွင် နေပြည်တော်၊ မြစ်ကြီးနား၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးများသို့ (၄)လတစ်ကြိမ် ကွင်းဆင်းကုသမှုများ အရှိန်တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၉

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ကျောက်တော်မြို့နယ် ကမ်းနားလမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ရာတွင် လမ်းအရည်အသွေးပြည့်မီခြင်းမရှိသည့်ကိစ္စအား မည်သူ့တွင် တာဝန်ရှိသည်ကို စိစစ်ပြီး အရေးယူပေးရန်နှင့် အရည်အသွေးပြည့်မီသည့်လမ်းဖြစ်စေရေး ပြန်လည်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကမ်းနားလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်း မဟုတ်ပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၂၂၉ ဒသမ ၈၁၅ သန်းဖြင့် အရှည် ပေ ၃၀၀၀၊ အကျယ် ၂၄ ပေ၊ ၈ လက်မထု ကွန်ကရစ်လမ်းခင်းခြင်းနှင့် တံတားငါးစင်း တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ လုပ်ငန်းတင်ဒါခေါ်ယူခဲ့ရာတွင် Western Wave ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ပါကြောင်း။

ကျောက်တော်မြို့နယ် ကမ်းနားလမ်းကို အရည်အသွေးပြည့်မီသော ကွန်ကရစ်လမ်းအဖြစ် ပြန်လည်တည်ဆောက်ပေးသွားမည်

အဆိုပါ Western Wave ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်သော ကွန်ကရစ်လမ်းသည် အရည်အသွေးပြည့်မီခြင်းမရှိသည့်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး အမှတိစဉ်(၄၂/၂၀၁၉) ဆုံးဖြတ်ချက် အပိုဒ်(၄)၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၉၀)အရ ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ စိစစ်အကြံပြုချက်ပါအတိုင်း ဆောင်ရွက်ရန်ဟု ဆုံးဖြတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ကျောက်တော်မြို့နယ် ကမ်းနားလမ်းကို ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ စိစစ်အကြံပြုချက်ပါအတိုင်း အရည်အသွေးပြည့်မီခြင်းမရှိသည့် နေရာများကို တူးထုတ်ဖယ်ရှားပြီး အရည်အသွေးပြည့်မီသော ကွန်ကရစ်လမ်းအဖြစ် ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များအရ ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် နတ်ချောင်းကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦးအား စံကိုက်အဆောက်အဦးအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြောက်ဦးမြို့နယ် နတ်ချောင်းကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ စီမံကိန်းရန်ပုံငွေ တင်ပြ ဆောင်ရွက်နိုင်ရေးအတွက် အချက်(၄)ချက်ပါသော အချက်များအား ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနောက်ဆုံးထား၍ ပေးပို့ရန် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အချက်အလက်များ တောင်းခံထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စီမံကိန်းလျာထား ဆောင်ရွက်သွားရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **ဓာတ်ရောင်ခြည်ဖြင့်ကုသနေရသော ကင်ဆာရောဂါရှင်များအတွက် အထူးကုဆရာဝန်များ၊ နည်းပညာရှင်များ လုံလောက်စွာမွေးထုတ်ပေးနိုင်ရန်နှင့် ပြည်နယ်/တိုင်းဒေသကြီး ဗဟိုအဆင့်ဆေးရုံကြီးများတွင် ဓာတ်ရောင်ခြည်သုံးကုသမှုယူနစ်များ တိုးချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါများ ကုသမှုတိုးချဲ့ဆောင်ရွက်ပေးရန် လျာထားပြီးသော ဦးစားပေးဆေးရုံများမှာ မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ပြည်သူ့ဆေးရုံကြီးတို့ ဖြစ်ပါကြောင်း၊ အဆင့်မြှင့်တင်မည့်ဆေးရုံကြီးများ အနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးစဝ်စံထွန်းပြည်သူ့ဆေးရုံကြီးနှင့် National Cancer Institute အပါအဝင် ကင်ဆာရောဂါကုသမှုလုပ်ငန်း

ဒုတိယဝန်ကြီး
ဒေါက်တာမြလေးစိန်

စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးကျော်ကျော်

များနှင့် တိုးချဲ့ခြင်းလုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာငွေ အပြင် မိတ်ဖက်အဖွဲ့အစည်းများ အကူအညီရယူ၍ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း။

ဓာတ်ရောင်ခြည်ဆေးကုဌာနများတွင် အရာထမ်းဝန်ထမ်း ၂၃ ဦး၊ အမှုထမ်းဝန်ထမ်း(၄)နေရာ ဖွဲ့စည်းပုံထပ်မံတိုးချဲ့နိုင်ရေးကို ညှိနှိုင်းပေးပို့ထား

ထို့ပြင် ဓာတ်ရောင်ခြည်ဆေးကုဌာနများတွင် ကျွမ်းကျင်ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်းများ၏ လက်ရှိခွင့်ပြုအင်အားဖြင့် လုံလောက်မှုမရှိသေးပါသဖြင့် အရာထမ်းဝန်ထမ်း ၂၃ ဦး၊ အမှုထမ်းဝန်ထမ်း (၄)နေရာ ဖွဲ့စည်းပုံထပ်မံတိုးချဲ့နိုင်ရေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ညှိနှိုင်းပေးပို့ထားပြီး သဘောထားမှတ်ချက်ပြန်ကြားလာပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြ၍ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုပညာ) ဘွဲ့လွန်သင်တန်းကို ၂၀၁၁- ၂၀၁၂ ပညာသင်နှစ်မှစ၍ ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီလအထိ ဘွဲ့ရသူပေါင်း ၅၁ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကာ လက်ရှိ ဆေးပညာမဟာသိပ္ပံ(ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုပညာ) ဘွဲ့လွန်သင်တန်းတွင် သင်တန်းသား ၁၉ ဦး တက်ရောက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **မြန်မာနိုင်ငံအတွင်း မြို့ပြများနှင့် အလုမ်းကွာဝေးပြီး သွားလာမှုခက်ခဲသည့်ကျေးရွာများရှိ ဒေသခံပြည်သူများအား တစ်နှစ်လျှင်(၂)ကြိမ်ခန့် Special Tour အစီအစဉ်ဖြင့် အထူးကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် မည်ကဲ့သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အထူးကုဆရာဝန်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းကုသမှုများကို (၃)နှစ်အတွင်း ကောက်ယူခဲ့သည့် ကိန်းဂဏန်းများအရ ၂၀၁၇ ခုနှစ်တွင် ကျေးရွာများသို့ (၉၁)ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် ကျေးရွာများသို့ (၁၁၁)ကြိမ်နှင့် ၂၀၁၉ ခုနှစ်တွင် ကျေးရွာများသို့ (၁၅၃)ကြိမ် သွားရောက်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် ကလေးဦးနှောက်နှင့် အာရုံကြောဆေးကုသမှု အဖွဲ့သည် နယ်လှည့်ဆေးကုသခြင်းကို ဆောင်ရွက်လျက်ရှိရာ ပဲခူးမြို့ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ပြည်သူ့ဆေးရုံကြီးများသို့ (၃)လတစ်ကြိမ် ကလေးဦးနှောက်နှင့် အာရုံကြောဆိုင်ရာ လူနာများအား ပုံမှန်ကွင်းဆင်းကုသမှုများ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ ၂၀၂၀ ပြည့်နှစ်တွင် ယင်းဆေးရုံများအပြင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ပြည်သူ့ဆေးရုံကြီး၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးများသို့ (၄)လတစ်ကြိမ် ကွင်းဆင်းကုသမှုများ အရှိန်တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံဆရာဝန်အသင်း၊ NGO၊ INGO များက လည်း Specialist Tour များသွားရောက်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပီပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ယင်းကျန်းမာရေးဝန်ထမ်းများသာမက မြို့နယ်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အချက်အချာကျသော ကျေးရွာများကို ရွေးချယ်ခြင်း၊ အုပ်ချုပ်မှုဆိုင်ရာများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အခြားစိတ်ပါဝင်စားသူများ၏ ပံ့ပိုးကူညီမှုများကိုရယူ၍ ယခုထက်ပိုမိုထိရောက်စွာဖြင့် ကျေးရွာပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် **မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များ**နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိ အစည်းအဝေးကျင်းပရက် (၁၈)ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် **မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင်** လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလိုငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြ မေးခွန်း (၈၃)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၁၃၈)ခုတို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့်မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၀င်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၏ **မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်ကွယ်လွန်ခြင်းအတွက် အထူးဝမ်းနည်းကြောင်းအဆိုကို** လွှတ်တော်သို့တင်သွင်းခဲ့ရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း၏ **မြန်မာနိုင်ငံတွင် တစ်စတစ်စပြုန်းတီးလျက်ရှိသော ကြိုးပိုင်း၊ ကြိုးပြင်တောများအပါအဝင် သစ်ပင်သစ်တောများ ပြန်လည်ရှင်သန်စိုပြည်လာစေရေးနှင့် သစ်ပင်သစ်တောများကို အခြေခံပြီး နိုင်ငံတော်၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် World Bank၊ ADB၊ WWF စသည့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာကူညီထောက်ပံ့မှုများဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်းရှိ သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည်(Capacity)၊ လုပ်ငန်းစဉ်များ (Functions)နှင့် ကျင့်ဝတ်သိက္ခာ(Ethics) များ ပိုမိုအဆင့်အတန်းမြင့်မားလာစေရန် အထူးသင်တန်းများပေးပြီး အားပေးစည်းရုံးပညာပေးသင်ကြားရန်နှင့် ၎င်းသစ်တောဝန်ထမ်းများ လိုအပ်လျက်ရှိသော ခေတ်မီလက်နက်ကိရိယာ Facilities and equipments များကို စနစ်တကျတပ်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို၊** ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **ကချင်ပြည်နယ်သာမက တခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့တိုင် ဇကများစွာ ဆက်လက်စိုက်ပျိုးလျက်ရှိသော တရုတ်တစ်သျှူးဌက်ပျောစိုက်ပျိုးခြင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စည်းကမ်းတကျ ထိန်းသိမ်းကွပ်ကဲနိုင်စေရန်၊ ရေရှည်တွင် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများအား ကြိုတင်တားမြစ်နိုင်ရန်နှင့် ရသင့်သောအခွန်ဘဏ္ဍာများရရှိနိုင်ရန်အလို့ငှာ သက်ဆိုင်သည့်ဌာနအသီးသီးတို့မှ ဟန်ချက်ညီညီ ပါဝင်လုပ်ဆောင်**

နိုင်မည့် ထိရောက်သည့် မူဝါဒလမ်းညွှန်မှုစီမံချက် တစ်ရပ်ရပ်ကိုချမှတ်၍ အဓိကကျသည့်ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အသီးသီးတွင် အစိုးရအဆက်ဆက် အသုံးပြုခဲ့သော လက်ရှိအသုံးပြုခြင်းမရှိတော့ဘဲ တဖြည်းဖြည်း ဟောင်းနွမ်းယိုယွင်းပျက်စီးနေပြီဖြစ်သည့် အဆောက်အဦများတည်ရှိရာ ဝန်ကြီးဌာနပိုင်မြေများ၊ ကျေးရွာများရှိ စပါးဒိုင်အဆောက်အဦနှင့် မြေနေရာများအား မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အများပြည်သူအကျိုးဖြစ်ထွန်းသောလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် မြို့ပြမြေရှားပါးမှုကို ဖြေရှင်းနိုင်ရန်အတွက်လည်းကောင်း၊ မြို့စီမံခန့်ခွဲခွင့်ရ မြေနေရာများ (City Land)အဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**တို့ကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၀င်များက ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုများကို လွှတ်တော်က အတည်ပြုခဲ့ပါကြောင်း။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် **ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေကြမ်း**ကို လွှတ်တော်သို့အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့ပြီး ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ထားသည့် ငါးမွေးမြူရေးဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ပေးပို့ထားသည့် ဥပဒေကြမ်းများ အနက် စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း၊ သွင်းကုန်ပစ္စည်းဈေးမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း၊ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဋ္ဌမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဋ္ဌမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဋ္ဌမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ ယင်းဥပဒေကြမ်းများအနက် စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကို ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၁ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါကြောင်း။

လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါကြောင်း၊ **ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် စက်မှုဇုန်ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးရန် အမည်စာရင်း

စာမျက်နှာ ၁၁ သို့ »»

»» **စာမျက်နှာ ၁၀ မှ**

တောင်းခံထားသည့် **မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်း**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အစီရင်ခံစာတင်သွင်းခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ၂၀၁၈ ခုနှစ် မတ် ၂၁ ရက်မှ (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလပြီးသည့်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်ကအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့်ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၂၁)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ (၃)ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ (၃)ကြိမ်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ (၉)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(၅)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ(၅)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၃)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၃)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၃)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ(၆)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၇)ကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ (၆) ကြိမ်၊ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၅)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ (၆)ကြိမ်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ (၂) ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၄)ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ (၆)ကြိမ် စုစုပေါင်းကော်မတီအစည်းအဝေး (၉၇)ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate) ကို (၃)ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါကြောင်း၊ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို့ (၅)စောင်ထုတ်ဝေခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦးက သိရှိလိုသည့်သတင်းအချက်အလက်မေးမြန်းခဲ့မှု (၄၉)ခုအနက် (၂၂)ချက်ကို ရှာဖွေပေးခဲ့ပြီးဖြစ်သည်ကို လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင်ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

အောင်ရဲသွင်(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးအရာရှိချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို၊ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၉

ဗီယက်နမ်တပ်မတော်စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Phan Van Gaing ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့ နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန (K–2000) ၌ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Phan Van Giang က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။ **(ယာပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ်တို့သည် ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် အကြမ်းဖက်မှုနှိမ်နင်းရေး၊ ပင်လယ်ပြင်ကယ်ဆယ်ရေး၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး၊ သတင်းအချက်အလက်အပြန်အလှန်ဖလှယ်ရေးများအပြင် အခြားနယ်ပယ်ကဏ္ဍပေါင်းစုံ၌ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့်အဖွဲ့သည် Viettel Group သို့ သွားရောက်လေ့လာကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ အမျိုးသားလွှတ်တော်အဆောက်အဦးဧည့်ခန်းမ၌ ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mrs. Nguyen Thi Kim Ngan အား သွားရောက်တွေ့ဆုံသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး General Ngo Xuan Lich နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ကဏ္ဍစုံမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်ပိုင်စီးပွားရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့်အခြေအနေများအား အပြန်အလှန်ဆွေးနွေးကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ Army Hotel ၌ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Phan Van Giang က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

❖ ကျောဖုံးမှ

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများမှ အေဂျင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ MSME လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အပြန်အလှန်ဆွေးနွေးသုံးသပ်ကြမည်ဖြစ်

အခမ်းအနားတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် MSME အေဂျင်စီ၏ ပထမအကြိမ် နှစ်ပတ်လည်ညီလာခံကျင်းပရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရေးဆွဲခဲ့သည့် ဒေသဆိုင်ရာ MSME Action Plan များကို မိတ်ဆက်ခြင်း၊ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ဗဟိုအေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ အောင်မြင်မှုများ၊ အခက်အခဲများနှင့် လိုအပ်ချက်များကို အပြန်အလှန်ဆွေးနွေးသုံးသပ်ကြမှာဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုချင်းစီတွင် MSME များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Action Plan တစ်ခုချင်းရေးဆွဲရသည့်အကြောင်းရင်းမှာ ဒေသတစ်ခုနှင့် တစ်ခု အားသာချက်နှင့် အားနည်းချက်များ မတူညီခြင်း၊ ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဌာန်၊ အရွယ်အစားနှင့် လုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုကွဲပြားခြင်းတို့ကြောင့် ဒေသအချင်းချင်း ချိတ်ဆက်မှုနှင့် အရင်းအမြစ်များအပေါ်အခြေခံ၍ ရေးဆွဲရခြင်းဖြစ်ပါကြောင်း။

အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်

မြန်မာနိုင်ငံအနေဖြင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များအတွင်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် အာဆီယံဒေသတွင်း အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့နိုင်ငံများ၏ တိုးတက်ပြောင်းလဲမှုများအပေါ်အခြေခံ၍ "အာဆီယံဒေသတွင်း အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ လုပ်ငန်းစဉ် (၂၀၁၆–၂၀၂၅)" နှင့် ခြောက်လအတွင်း ရေးဆွဲထားသည့် Action Plan များကို မြန်မာနိုင်ငံမှ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါပြောင်းလဲနေသော အလေ့အကျင့်ကောင်းများကို မြန်မာနိုင်ငံတွင် ပြန်လည်အကောင်အထည်ဖော်နိုင်ရေးနှင့် နိုင်ငံတစ်ဝန်းလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးပြုလာရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နည်းပညာများဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ အတွေးအခေါ်များပြောင်းလဲလာသကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင်လည်း နည်းပညာများ၊ အတွေးအခေါ်ပြောင်းလဲမှုများ၊ ယှဉ်ပြိုင်မှုမဟာဗျူဟာများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုဆိုင်ရာ စိန်ခေါ်မှုများပါ တစ်ပါတည်းပါလာပါကြောင်း။

အဆိုပါပြောင်းလဲမှုများကို မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ သတိပြုမိစေရန်နှင့် မူဝါဒပိုင်းဆိုင်ရာ ပြင်ဆင်အကောင်အထည်ဖော်နိုင်ရေးအတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း(OECD)၏ ၂၀၁၈ ခုနှစ် အာဆီယံ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ မူဝါဒညွှန်းကိန်းများတွင် တိုင်းတာမှုစံနှုန်းသတ်မှတ်ချက် နယ်ပယ်ရှစ်ခုကို သတ်မှတ်ခဲ့ပြီး မူဝါဒနှင့် အကောင်အထည်ဖော်မှုများကို နိုင်ငံတစ်ခုချင်းစီ အပေါ် သုံးသပ်ခဲ့ပါကြောင်း။

ထည့်သွင်းဆွေးနွေး

မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် MSME မူဝါဒနှင့် အာဆီယံမဟာဗျူဟာ Action Plan များတွင် ဒေသတွင်း MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံကျသည့်အချက်များကိုသာ အဓိကထားဖော်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်မြားပြားလာရေးအတွက် ဒေသအသီးသီး၌ Action Plan များ ရေးဆွဲချိန်တွင် OECD ၏ တိုင်းတာမှုစံနှုန်းသတ်မှတ်ချက်နယ်ပယ် ရှစ်ခုနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြောင်းလဲကြိုးစားနေသည့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ဖြစ်လာရေးတို့ကိုလည်း အသိပညာပေးကာ ထည့်သွင်းဆွေးနွေးခဲ့ကြပါကြောင်း။

ထို့ပြင် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ဦးဆောင်မှုဖြင့် MSME Agency နှင့် ဒေသဆိုင်ရာ MSME Agency တို့ ပူးပေါင်း၍ Action Plan များ ရေးဆွဲသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များအားလုံး ပါဝင်နိုင်သည့် အခွင့်အရေးရရှိမည့်အပြင် အားသာချက်၊ အားနည်းချက်နှင့် မဟာဗျူဟာတို့အပေါ် အခြေခံ၍ ဒေသတွင်း MSME များ ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းရေးဆွဲခဲ့ကြပါကြောင်း။

ခေတ်နှင့်လျော်ညီစွာပြုပြင်ပြောင်းလဲ

၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ထုတ်ပြန်ခဲ့သည့် "စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု (၂၀၂၀) အစီရင်ခံစာ" တွင် မြန်မာနိုင်ငံသည် ယခင်နှစ်ရရှိသည့် အဆင့်(၁၇၁)မှ အဆင့်(၆)ဆင့် တိုးတက်လာခဲ့သည့်အပြင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လွယ်ကူအောင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် တိုးတက်မှုအကောင်းဆုံးနိုင်ငံ ၂၀ စာရင်းတွင်လည်း ပါဝင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအတွက် ကောင်းမွန်သည့် စီးပွားရေးဝန်းကျင် ကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် ဆက်စပ်သည့်ဝန်ကြီးဌာနများအနေဖြင့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများကို ခေတ်နှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲပေးရမည်ဖြစ်ပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်မှု(Implementation)အပိုင်းတွင်လည်း ခေတ်မီနည်းပညာသုံး စီးပွားရေးလုပ်ငန်းများ (Smart Business) ဖြစ်လာစေရန်အတွက် စွမ်းဆောင်ရည်မြှင့် သင်တန်းများပေးခြင်း၊ နည်းပညာလွှဲပြောင်းပေးခြင်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရေးဆွဲခဲ့ပြီးသည့် Action Plan များ အပေါ်တွင် ပါဝင်သက်ဆိုင်သည့်အသင်းအဖွဲ့များ၊ ဌာနများ၊ အေဂျင်စီများ၏ စိတ်ဝင်စားမှုအခြေအနေ၊ အကောင်အထည်ဖော်မှုအခြေအနေ၊ ပြည်ထောင်စု အစိုးရနှင့် ဒေသဆိုင်ရာအစိုးရများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ပြန်လည်သုံးသပ်ရန်အတွက် ယခုအခမ်းအနားကို ကျင်းပခြင်းဖြစ်ပါကြောင်း။

ထိရောက်စွာပူးပေါင်းဆောင်ရွက်

ညီလာခံမှရရှိသည့် ရလဒ်များမှတစ်ဆင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေ့ဆက်ဆောင်ရွက်ရမည့် အခန်းကဏ္ဍလိုအပ်ချက်များကို ရှင်းရှင်းလင်းလင်းသိရှိလာနိုင်ပြီး လိုအပ်ချက်များကို ပြင်ဆင်ကာ အကောင်းဆုံးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းကော်မတီ၊ MSME အေဂျင်စီနှင့် အထောက်အကူပြုအဖွဲ့များ၊ ဆက်စပ်ဌာနများ၊ ဒေသဆိုင်ရာအေဂျင်စီအဖွဲ့ဝင်များမှ Action Plan တွင် ပါရှိသည့် စီမံကိန်းများကို ထိရောက်စွာပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားအစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တွဲဖက်ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းတို့က ပထမအကြိမ် နှစ်ပတ်လည် ညီလာခံကျင်းပခြင်းဆိုင်ရာကိစ္စရပ်များနှင့် MSME Action Plan Launching ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဒေါက်တာမင်းရဲပိုင်ဟိန်းတို့က အလုပ်ရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည့် အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်က MSME Application နှင့်ပတ်သက်၍ မိတ်ဆက်ဆွေးနွေးသည်။

ထို့နောက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရေး၊ အဖွဲ့အစည်းများဆိုင်ရာ အထောက်အကူပြုမူဘောင် ဖြေလျှော့ပေးရေးနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် MSME Action Plan များကို လက်ရှိအကောင်အထည်ဖော်ဆောင်မှုအခြေအနေများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ MSME အေဂျင်စီ၏ ပထမအကြိမ် နှစ်ပတ်လည် ညီလာခံနှင့် ဒေသဆိုင်ရာ MSME Action Plan များအား မိတ်ဆက်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ရင်ဆိုင်ကြုံတွေ့နိုင်သော လုပ်ကြံသတင်းများ၊ အမုန်းစကားများ တိုက်ဖျက်ခြင်းနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems (IFES)တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ရင်ဆိုင်ကြုံတွေ့နိုင်သော လုပ်ကြံသတင်းများ၊ အမုန်းစကားများ တိုက်ဖျက်ခြင်းတို့နှင့် စပ်လျဉ်းသည့် အသိပညာပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန် ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် လူသားအားလုံး တန်းတူညီမျှဖြစ်သည်ဆိုသည့် အခြေခံမူကို အလေးထားကြပါကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခြင်းနှင့် ဆန္ဒမဲပေးခြင်းတို့သည် လူသားအားလုံး ကျား/မတန်းတူညီမျှ ပါဝင်ခွင့်ရှိသော လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အရွေးချယ်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများတွင် အမျိုးသမီးများလည်း ပါဝင်ကြမည်ဖြစ်ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် အမျိုးသမီးများဝင်ရောက်ယှဉ်ပြိုင် အရွေးခံခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၃၀ဝ၈ ဦး အနက် အမျိုးသမီးဦးရေ ၁၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၈၀၀ အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ရင်ဆိုင်ကြုံတွေ့နိုင်သော လုပ်ကြံသတင်းများ၊ အမုန်းစကားများ တိုက်ဖျက်ခြင်းနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

မြန်မာနိုင်ငံ၏ လူဦးရေနှင့်နှိုင်းယှဉ်ပါက နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုနည်းသေးသည်ဟု ယူဆပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ယခုထက်ပိုမို ပါဝင်လာမည်ဟု မျှော်လင့်ပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးများ နိုင်ငံရေးနယ်ပယ်တွင် ပိုမိုပါဝင်လာစေရေးနှင့် ဒီမိုကရေစီစံချိန်စံညွှန်းနှင့် ကိုက်ညီသည့်ရွေးကောက်ပွဲများ ဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်လာသည်နှင့်အမျှ အမျိုးသမီးကိုယ်စားလှယ်လောင်းများ ရင်ဆိုင်ရနိုင်သည့် အမုန်းစကားဖြင့် တိုက်ခိုက်ခြင်းများကို တားဆီးပြီး ကျား/မအားလုံး တန်းတူညီမျှစွာ ပါဝင်ခွင့်ရရှိရေးကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒ ၂၀၁၉–၂၀၂၂ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးကိုယ်စားလှယ်လောင်းများအား အမုန်းစကားများ၊ မမှန်ကန်သည့် သတင်းများဖြင့် တိုက်ခိုက်မှုများကို တားဆီးနိုင်မည့် နည်းလမ်းများတွင် အသိပညာပေးခြင်း၊ ဗဟုသုတဖြန့်ဝေခြင်းနှင့် တိုက်တွန်းစည်းရုံးခြင်း နည်းလမ်းများကို ထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံတွင် ဆိုရှယ်မီဒီယာ အသုံးပြုမှုမြင့်မားလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆိုရှယ်မီဒီယာပေါ်မှ အမုန်းစကားနှင့် တိုက်ခိုက်မှုများ၊ သတင်းအမှားများ ဖြန့်ဝေမှုများရှိခဲ့လျှင် အမျိုးသမီးကိုယ်စားလှယ်လောင်းများကိုသာမက ရွေးကောက်ပွဲအပေါ်လည်း ဆိုးကျိုးများ သက်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သတင်းအမှားများ၊ အမုန်းစကားများဖြန့်ဝေနေမှုကို တားဆီးကာကွယ်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ Facebook Team တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲဆိုင်ရာနှင့်စပ်လျဉ်းသည့် သတင်းအမှန်များကို ပြည်သူလူထုသိရှိစေရန် သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး ကော်မရှင်ရုံးတွင် အပတ်စဉ်သတင်းများ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ရင်ဆိုင်ကြုံတွေ့ရနိုင်မည့် အမုန်းစကားနှင့် လုပ်ကြံသတင်းများအား တားဆီးကာကွယ်နိုင်မည့် နည်းလမ်းများကို အလေးထားဆွေးနွေးပေးကြရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ ဗစ်တိုးရီးယားအမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

ဗစ်တိုးရီးယားအမှုနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် မှုခင်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် စိုးနိုင်ဦး၊ မှုခင်း ညွှန်ကြားရေးမှူး ရဲမှူးကြီး မင်းဟန်၊ မှုခင်းရဲတပ်ဖွဲ့ဌာနမှူး ရဲမှူးကြီး သာထွန်းနှင့် DNA ဌာနမှူး ဒေါက်တာချစ်ပန်တို့က ဗစ်တိုးရီးယားအမှုနှင့်ပတ်သက်၍ သံသယရှိ သူများအား စစ်ဆေးဖော်ထုတ်ခဲ့မှု၊ သက်ရှိ၊ သက်မဲ့ သက်သေခံများ ရှာဖွေစုစည်းခဲ့မှု၊ အမှုတည်ဆောက်မှု၊ တရားရုံးသို့ တရားစွဲဆိုတင်ပြခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

တရားစွဲတင်ခဲ့ခြင်းဖြစ်

ရဲမှူးချုပ် စိုးနိုင်ဦးက အမှုစစ်အရာရှိအနေဖြင့် ခိုင်လုံသည့် တရားလိုပြသက်သေများ၊ သက်မဲ့အထောက်အထားသက်သေများ၊ သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ထင်မြင်ချက်များနှင့် အမှုခိုင်မာအောင် တည်ဆောက်ပြီး ဥပဒေအကြံပြုချက် တောင်းခံခဲ့ပါကြောင်း၊ ဥပဒေအကြံပြုချက်တောင်းခံရာတွင် ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ဖြင့် တရားစွဲဆိုရန် အကြံပြုချက်နှင့်အညီ တရားစွဲတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တရားရုံးတွင် တရားလိုပြသက်သေနှင့် အထောက်အထားများ စစ်ဆေးဆောင်ရွက်နေစဉ် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် သံသယရှိသူကို တရားရှင်လွှတ်ခဲ့ပါကြောင်း၊ တရားလိုဘက်က တင်သွင်းထားသည့် အရေးကြီးသည့် လူသက်သေ ခုနစ်ဦးနှင့် အရေးပါသည့် သက်မဲ့သက်သေအထောက်အထားများ ကျန်ရှိနေဆဲဖြစ်ပါကြောင်း၊ တရားလိုဘက်က စုံစမ်းစစ်ဆေးမှု တင်ပြထားသည့် လူသက်သေ၊ သက်မဲ့သက်သေများအပေါ်တွင် ပြီးဆုံးအောင် စစ်ဆေးခြင်းပြုလုပ်ပြီးမှ စွဲချက်တင်သင့်၊ မတင်သင့်ဆိုသည့် ဥပဒေလမ်းကြောင်းကို မျှော်လင့်ထားပါကြောင်း၊ သို့သော် ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ အရ တရားသူကြီးက တရားရှင်လွှတ်ခြင်းဖြစ်ပေါ်လာသည့် အနေအထားသည် စောလွန်းသည့်အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားရာတွင် မှုခင်းညွှန်ကြားရေးမှူး ရဲမှူးကြီး မင်းဟန်က အမှုမှန်ပေါ်ပေါက်ရေးသည် ရဲတပ်ဖွဲ့၏ တာဝန်ဖြစ်ကြောင်း၊ အမှုမှန်ပေါ်ပေါက်ရန် အလိုအရှိဆုံးအဖွဲ့သည်လည်း ရဲတပ်ဖွဲ့ဖြစ်ကြောင်း၊ မည်သူကမှ ကြိုးကိုင်ခြင်း၊ ထိန်းချုပ်ခြင်းလုံးဝမရှိကြောင်း၊ မှုခင်းတပ်ဖွဲ့စစ်ဆေးရာတွင် လည်း လွတ်လွတ်လပ်လပ် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းအချက်ကို ရဲရဲဝံ့ဝံ့ပြောရဲပါကြောင်း ထည့်သွင်းဖြေကြားခဲ့သည်။

ထို့ပြင် ၎င်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားစွဲတင်သည့် အမှုတိုင်း အပြစ်ကျရမည်ဆိုသည့် သတ်မှတ်ချက်မရှိကြောင်း၊ အမှုတည်ဆောက်သည့်နေရာတွင် ရဲတပ်ဖွဲ့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားပြီး အမှုကို တည်ဆောက်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာ တရားသူကြီးက ၎င်း၏ ဆင်ခြင်တုံတရားအရ စွဲချက်မတင်မီ လွှတ်သည့်အပိုင်းသည် တရားသူကြီး၏ အပိုင်းဖြစ်ပါကြောင်း၊ ရဲတပ်ဖွဲ့သည် တရားစွဲတင်သည့် အပိုင်းဖြစ်ပါကြောင်း၊ တရားစီရင်သည့် အပိုင်း မဟုတ်သည့်အတွက်ကြောင့် တရားသူကြီး၏ စီရင်ဆုံးဖြတ်ချက်ကို ကြည့်ပြီးမှသာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်ပြီး ၎င်းက တရားရုံးသို့ သက်သေခံတင်သွင်းရာတွင် မူရင်းဆေးစာကိုသာတင်ထားကြောင်း၊ ဆေးစာပျောက်ဆုံးခြင်းမရှိ၍သာ မူရင်းတင်နိုင်ခြင်းဖြစ်ကြောင်း၊ တရားရုံးက မူရင်းမှသာ လက်ခံပါကြောင်း၊ မိတ္တူကို လက်မခံပါကြောင်း ပြောကြားသည်။

ရဲမှူးချုပ် စိုးနိုင်ဦးက သတင်းစာရှင်းလင်းပွဲ လုပ်ရသည့် အကြောင်းရင်းမှာ တရားရှင်လွှတ်ခြင်းဆိုသည့်အပေါ်တွင် ရဲတပ်ဖွဲ့က ပြန်ပြီးရှင်းလင်းသည့် ရည်ရွယ်ချက်ဖြစ်ပါကြောင်း၊ ရဲတပ်ဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုနှင့် တရားသူကြီး၏ ဆင်ခြင်သုံးသပ်မှုအပေါ်တွင် ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ တရားလိုဘက်က တင်ပြလာသည်များကို အားလုံးစိစစ်ပြီးမှသာ တရားသူကြီး၏ ဆင်ခြင်သုံးသပ်မှုဖြင့် ဆောင်ရွက်စေလိုကြောင်း၊ သက်ဆိုင်ရာ တရားရုံး၏ စီရင်ချက် မရသေးပါကြောင်း၊ တရားရုံး၏ စီရင်ချက်ရပါက တရားရုံး၏စီရင်ချက်ကို လေ့လာပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းဖြေကြားသည်။

မှုခင်းရဲတပ်ဖွဲ့ဌာနမှူး ရဲမှူးကြီး သာထွန်းက တရားစွဲတင်ခြင်းလုပ်ငန်း မတိုင်ခင်ကတည်းက အမှုလမ်းကြောင်းပေါ်တွင် ဖြစ်နိုင်ခြေရှိသည့် လူများအားလုံးကို စစ်ဆေးဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအပေါ်တွင် သက်မဲ့သက်သေ အထောက်အထား၊ လူသက်သေများနှင့် တရားစွဲတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တရားရုံးတွင် တရားလိုအပါအဝင် လူသက်သေ ၂၇ ဦးတင်ထားပါကြောင်း၊ တရားလိုအပါအဝင် သက်သေ ၂၀ ကို စစ်ဆေးပြီးဖြစ်ကြောင်း၊ စစ်ဆေးရန် ခုနစ်ဦးကျန်ရှိပါသေးကြောင်း ထည့်သွင်းဖြေကြားသည်။

သတင်းစဉ်

စတုတ္ထအကြိမ် အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် သင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၁၉

စတုတ္ထအကြိမ် တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ အရည်အသွေးထိန်းသိမ်းခြင်း၊ တည်မြဲမှုနှင့် သက်တမ်းအားလေ့လာခြင်း သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က တိုင်းရင်းဆေးပညာဦးစီးဌာန အမျိုးသားပရဆေးဥယျာဉ်(နေပြည်တော်)၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

သင်တန်းကာလ

အဆိုပါသင်တန်းကို တိုင်းရင်းဆေးပညာဦးစီးဌာနကဦးစီး၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့မှ ပညာရှင်များ၏ ပံ့ပိုးမှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးဝါးစက်ရုံ(ရန်ကုန်/မန္တလေး)မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခုရှိ ပုဂ္ဂလိကတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

၄၉ ခုတို့မှ လုပ်ငန်းရှင်များ စုစုပေါင်း သင်တန်းသား ၆၀ တို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၈ ရက်မှ ၂၃ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဥာဏ်ကောင်းဆက်

အောင်မြေသာစံမြို့နယ်နှင့် နမ့်စန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် ညနေ ၆ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ရွှေကျင်ရပ်ကွက် မန္တလေး-မတ္တရာသွားကားလမ်းတွင် မသန်းသန်းအေး(၁)ဂျက်မ၊ ဌေးလွင်၊ မင်းကိုကိုနှင့် ပြည့်ဖြိုးအောင်တို့အား ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိ၍ရှာဖွေရာ ဘိန်းဖြူ ၃၃၀ ဂရမ်နှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ၁၉ လမ်း လမ်း ၆၀ x ၆၂ လမ်းရှိ စားသောက်ဆိုင်တွင် မတင်မာစိန်၊ မဆန်းမြရီ(၁)မေသူနှင့် ကျော်ဇင်ထွေးတို့အား လက်ကိုင်ဖုန်း သုံးလုံး၊ ဆိုင်ကယ်သုံးစီးတို့နှင့် အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။ (ဝဲပုံ)

အလားတူ မွန်းလွဲ ၂ နာရီက နမ့်စန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် အမှတ်(၅)ကျေးရွာအုပ်စု ဝမ်ပန်ကျေးရွာနေ အိုက်ဟန်ဆု၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ထွန်းအောင်အားတွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၁ဖစ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ကလိန်အောင်မြို့ ဇင်းဘာကျေးရွာ၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

ကလိန်အောင် ဒီဇင်ဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ဇင်းဘာကျေးရွာ မြောက်ဘက် လေးဖာလုံခန့်အကွာ၌ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက တရားမဝင်စုပုံထားရှိသည့် သစ်တန်ချိန် ၃၀ ခန့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးဖေချစ်နှင့် ကလိန်အောင်မြို့ သစ်တောဘိုနယ်တာဝန်ခံ တောအုပ်ဦးခင်စိန်၊ ကလိန်အောင်မြို့ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဖြိုးနိုင်နှင့်အဖွဲ့၊ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့တို့သည် သတင်းအရ ဝင်ရောက်ရှာဖွေရာ ကလိန်အောင်မြို့ ဇင်းဘာရွာ မြောက်ဘက် လေးဖာလုံခန့်အကွာ၌ တရားမဝင်စုပုံထားရှိသည့် ကဒွစ်/ကညင်သစ် ၁၉၇ တုံး (တန်ချိန် ၃၀ ခန့်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ဒေါ်မိုးမိုးခိုင် (ကလိန်အောင်)

ဗန်းမောက်မြို့နယ်အတွင်းမှ တရားမဝင်တမလန်းသစ်များ တင်ဆောင်ထားသော ဆိုင်ကယ် ၁၀ စီး ဖမ်းမိ

ဗန်းမောက် ဒီဇင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် စီးမော်-သောင်ကြီးသွားလမ်းပေါ်မှ တရားမဝင်တမလန်းသစ်များ တင်ဆောင်ထားသော ဆိုင်ကယ် ၁၀ စီး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၈ ရက် ည ၉ နာရီခန့်က ဗန်းမောက်မြို့မှတိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်ဦးဝင်းရွှေ ဦးစီးသောအဖွဲ့၊ တောအုပ်ကြီးဦးရဲဝင်းနိုင် ဦးစီးသောအဖွဲ့၊ မူး/တားအဖွဲ့ခေါင်းဆောင် ဦးဇော်လင်းဦး ဦးစီးသောပူးပေါင်းအဖွဲ့သည် သတင်းအရ ဗန်းမောက်မြို့နယ် မံကပ်ဘိနယ် စီးမော်-သောင်ကြီးသွားလမ်းတွင် စောင့်ဆိုင်းနေစဉ် တရားမဝင် တမလန်းသစ် ၁၆ တုံး (သုည ဒသမ ၉၀၉၄ တန်)တင်ဆောင်ထားသည့် ဆိုင်ကယ် ၁၀ စီးကို စစ်ဆေးတွေ့ရှိသဖြင့် ဆိုင်ကယ်ပိုင်ရှင်နှင့် ပစ္စည်းပိုင်ရှင်အား စုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)

ဒီဇင်ဘာ ၁၈ ရက်က နေပြည်တော် ဥတ္တရသီရိမြို့နယ် မအူလေးပင်ကျေးရွာ ပြည်သူများအား တောင်ညီနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်မြင့်မြတ် လူသတ်မှု၊ မုဒိမ်းမှုများ လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း ပညာပေးဟောပြောစဉ်။ အောင်ကို

ကသာမြို့တွင် မိုဘိုင်းဖုန်းဆိုင် ဖောက်ထွင်းခိုးယူသူများ ဖမ်းမိ

ကသာ ဒီဇင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဖုန်းဆိုင်မှ ဖုန်းများ ဖောက်ထွင်းခိုးယူသူများကို ဒီဇင်ဘာ ၁၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် ညပိုင်းက ကသာမြို့ အမှတ်(၁) ရပ်ကွက် လမ်းမတော်လမ်းရှိ ဖုန်းဆိုင်မှ ၁၇ သိန်းကျော်ဖိုးရှိ ဖုန်းများ ခိုးယူခံရကြောင်း သတင်းအရ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကသာမြို့မ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်မင်းထွန်း ဦးစီးသော အဖွဲ့သည် စုံစမ်းဆောင်ရွက်ခဲ့ရာ ကသာမြို့နယ် အင်းအရန့်ကျေးရွာနေ ဟိန်းမင်းထက်နှင့် ကသာမြို့ အမှတ်(၅)ရပ်ကွက်နေ မျိုးကျော်သူတို့ဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား စစ်မေးရာ ခိုးယူခဲ့ကြောင်း ဝန်ခံခဲ့သဖြင့် ပျောက်ဆုံးသွားသော သက်သေခံပစ္စည်းများ ပြန်လည်ရရှိခဲ့၍ ၎င်းတို့နှစ်ဦးအား ကသာမြို့မ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

ဗန်းမော်မြို့နယ်၌ အမျိုးသားလေးဦးနှင့်အတူ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိ

ဗန်းမော် ဒီဇင်ဘာ ၁၉

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ရေနီရွာဟောင်းကျေးရွာရှိ နေအိမ်တစ်အိမ်အား ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ အမျိုးသားလေးဦးနှင့်အတူ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း ဗန်းမော်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၅ နာရီခန့်က ဗန်းမော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဌေးလွင်နှင့် တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ရေနီရွာဟောင်းကျေးရွာရှိ ဦးစိုးတင့်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဦးစိုးတင့်နှင့်အတူ နိုင်အောင်ဝင်း၊ မိုးဝင်း၊ ဝင်းထွန်းတို့ကို တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ ပလတ်စတစ်ဘူးငယ်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂၆ ဒသမ ၃၀၁ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရှိရသူ ဦးစိုးတင့် အပါအဝင် လေးဦးအား ဗန်းမော်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

စားသုံးရန်မသင့်သည့် ပုပ်သိုးပျက်စီးလွယ်သော စားသောက်ကုန်များ မီးရှို့ဖျက်ဆီး

လားရှိုး ဒီဇင်ဘာ ၁၉

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက ဖမ်းဆီးရမိခဲ့သည့် အများပြည်သူ စားသုံးရန်မသင့်သော ပုပ်သိုးပျက်စီးလွယ်သည့် စားသောက်ကုန်များကို ဒီဇင်ဘာ ၁၆ ရက် ညနေ ၅ နာရီတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးစီးသည့် ဖျက်ဆီးမှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ သတင်းမီဒီယာ အဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့်အတူ ဒီဇင်ဘာ ၁၆ ရက် ညနေ ၅ နာရီက မြို့နယ် စည်ပင်သာယာ အမှိုက်စွန့်ပစ်ကွင်း၌ အဆိုပါ စားသောက်ကုန်များအား မီးရှို့ဖျက်ဆီးခဲ့သည်။ အများပြည်သူ စားသုံးရန်မသင့်သော ပုပ်သိုးပျက်စီးလွယ်သည့် အေးခဲအသားတု၊ အေးခဲဝက်အူချောင်း၊ အေးခဲကြက်အူချောင်းနှင့် အသင့်စားဂျုံလုံးများဖြစ်ပြီး တန်ဖိုးငွေကျပ် ၂၄ သိန်းခန့်ဖြစ်ကြောင်း သိရသည်။

မမ(လားရှိုး)

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

ရှေ့နေရယ်၊ ကျင့်ဝတ်ရယ်၊ တာဝန်ရယ်၊ အခွင့်အရေးရယ်

မောင်စာဂ

ရှေ့နေများ၏ပင်မလုပ်ငန်းသည် တရားရုံးများတွင် အမှုသည်များ၏ကိုယ်စား ရှေ့မှနေရပ်တည်၍ အမှုများကို လိုက်ပါဆောင်ရွက်ပေးရသည့်လုပ်ငန်းဖြစ်သည်။ တရားရုံးများက မှုခင်းများတွင် ဥပဒေနှင့်အညီ အမှန်တရားကို ရှာဖွေဖော်ထုတ် ဆုံးဖြတ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြရသည်။ ထို့ကြောင့် ရှေ့နေများကို တရားရုံး၏ အရာရှိများအဖြစ် နားလည်လက်ခံထားကြသည်။ သို့သော် ရှေ့နေများသည် လခစားနိုင်ငံ့ဝန်ထမ်းများ မဟုတ်ကြပါ။ လခစားဝန်ထမ်းများ မဟုတ်ကြသော်လည်း ရှေ့နေများလိုက်နာရမည့် ကျင့်ဝတ်ရှိသည်။ ထမ်းဆောင်ရမည့် တာဝန်များရှိသည်။ ရှေ့နေများ၏အခွင့်အရေးများ သတ်မှတ်ထားသည်။ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတည်းဟူသော မဏ္ဍိုင်ကြီးသုံးရပ်တွင် ရှေ့နေများ၏ပါဝင်ထမ်းဆောင်ရသည့်အခန်းကဏ္ဍ မြင့်မြင့်မားမားရှိသည်။ အနှစ်ချုပ်မျှဝေပါရစေ။

ရှေ့နေများလိုက်နာကြရမည့်ပြဋ္ဌာန်းချက်များ

ရှေ့နေများသည် တရားလွတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေ၊ တရားလွတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများ၊ ရှေ့နေလိုက်သူများအက်ဥပဒေနှင့် ယင်းအက်ဥပဒေများအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို လိုက်နာကြရသည်။ ရှေ့နေများသည် တရားမကျင့်ထုံးဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ သက်သေခံဥပဒေများနှင့် တရားရုံးများလက်စွဲ၊ တရားရုံးချုပ်ညွှန်ကြားလွှာတို့တွင်ပါရှိသော ရှေ့နေများလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများ၊ တာဝန်များကို လိုက်နာဆောင်ရွက်ကြရသည်။

ရှေ့နေများလိုက်နာရမည့် ကျင့်ဝတ်သိက္ခာများနှင့် ဆောင်ရွက်ရမည့် တာဝန်များနှင့်စပ်လျဉ်း၍ လမ်းညွှန်ဆုံးဖြတ်ထားသော မြန်မာနိုင်ငံတရားစီရင်ထုံးများကို အစဉ်သဖြင့် အလေးထား ဖတ်ရှုလိုက်နာကြရသည်။ ရှေ့နေများလိုက်နာရမည့် ဥပဒေပြဋ္ဌာန်းချက်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းလိုက်နာခြင်းဖြင့် မိမိစိတ်သဘော သန့်ရှင်းစင်ကြယ်စေလျက် အကောင်းအဆိုး၊ တရားနှင့် မတရား၊ ဓမ္မနှင့် အဓမ္မတို့ကို ခွဲခြားနားလည်နိုင်ကြမည်။

ရှေ့နေများ၏ကျင့်ဝတ်သိက္ခာ

ရှေ့နေများ၏အခွင့်အရေးများ၊ တာဝန်များကို သတ်မှတ်ထားရှိသကဲ့သို့ ရှေ့နေများလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကိုလည်း သတ်မှတ်ထားရှိသည်။ ထို့သို့ သတ်မှတ်ထားရှိရာတွင် ရှေ့နေလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာများ၊ တရားရုံးများ၊ တရားသူကြီးများနှင့်စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာ၊ အမှုလိုက်ပါဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာ၊ အမှုသည်များနှင့်စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာ၊ သက်သေများနှင့်စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာဟူ၍ ခွဲခြားသတ်မှတ်ထားရှိသည်။ သူ့ကျင့်ဝတ်နှင့်သူ သိက္ခာရှိရှိ ဆက်ဆံပြောဆို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းချောမွေ့သည်။ လုပ်ငန်းဆောင်ရွက်မှုအောင်မြင်သည်။

ကျင့်ဝတ်သိက္ခာဟူသည် ကိုယ်ကျင့်တရားပင်ဖြစ်၍ တာဝန်သိသိ၊ စေတနာရှိရှိ စောင့်စည်း လိုက်နာကြရပါမည်။ ကျင့်ဝတ်သိက္ခာစောင့်စည်းခြင်းကြောင့် အပြစ်မရှိပါ။ အစွပ်အစွဲကင်းပါသည်။ အေးမြချမ်းသာပါမည်။ ရပ်ရွာအေးချမ်းသာယာဖို့ တရားဥပဒေစိုးမိုးရေး အရေးကြီးသည်။ တရားဥပဒေစိုးမိုးဖို့၊ တရားစီရင်ရေးမဏ္ဍိုင်ကြံ့ခိုင်ဖို့အတွက် တရားနှင့်အညီ စီရင်ဆုံးဖြတ်ကာ တရားသူကြီးများနှင့်အတူ ဥပဒေလုပ်ငန်းတွင် ကျွမ်းကျင်သော ဥပဒေပညာရှင်များ၊ ရှေ့နေလုပ်ငန်းတွင် အရည်အချင်းပြည့်ဝသော ရှေ့နေများလည်းလိုအပ်သည်။ အရည်အချင်းဆိုသည်မှာ ဥပဒေပညာတတ်ကျွမ်းမှု၊ စိတ်ထားကောင်းမွန်မှန်ကန်မှု၊ ကျင့်ဝတ်သိက္ခာလိုက်နာ စောင့်စည်းမှုတို့ပင်ဖြစ်သည်။

တာဝန်များ

ရှေ့နေလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှေ့နေလုပ်ငန်း၏ အစဉ်အလာကောင်းကို ထိန်းသိမ်းစောင့်ရှောက်ရန် ရှေ့နေတိုင်းတွင် တာဝန်ရှိသည်။ မိမိတို့ လိုက်နာ စောင့်ထိန်းအပ်သော ကျင့်ဝတ်သိက္ခာတို့ကို အမြဲတစေ လိုက်နာစောင့်ထိန်းရမည်။ အခကြေးငွေကို အမိုက မထားဘဲ တာဝန်ထမ်းဆောင်မှုကို အမိုကထားရမည်။ မိမိတစ်ဦးချင်း၏ အကျိုးစီးပွားနှင့် ရှေ့နေလုပ်ငန်းတစ်ရပ်လုံး၏ အကျိုးစီးပွားကိုယှဉ်လာလျှင် ရှေ့နေ

ရှေ့နေများလိုက်နာရမည့် ဥပဒေပြဋ္ဌာန်းချက်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းလိုက်နာခြင်းဖြင့် မိမိစိတ်သဘော သန့်ရှင်းစင်ကြယ်စေလျက် အကောင်း အဆိုး၊ တရားနှင့် မတရားတို့ကို ခွဲခြားနားလည်. . .

လုပ်ငန်းတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဦးစားပေးရမည်။ အမှုသည်များ၏ ယုံကြည်အပ်နှံခြင်း ခံထိုက်သူများ ဖြစ်အောင် သိက္ခာသမာဓိရှိရမည်။ မိမိတို့၏ဆောင်ရွက်ချက်များသည် အမှုအနိုင်ရရှိရေး တစ်ခုတည်းအတွက် မဟုတ်ဘဲ အမှန်တရားဖြစ်စေရေး တရားရုံးအား အထောက်အကူဖြစ်စေရမည်။ တရားလွတ်တော်ရှေ့နေများသည် တရားလွတ်တော်ရှေ့နေများကောင်စီသို့ နှစ်စဉ်ကြေးများ မှန်မှန်ပေးဆောင်ရမည့်အပြင် ရှေ့နေအားလုံးသည် ရှေ့နေလုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိသော နှစ်စဉ်ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ရမည့်အခွန်အခများကို ပေးဆောင်ကြရန် တာဝန်ရှိသည်။

ထို့ပြင် တရားရုံးများ၊ တရားသူကြီးများနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်တာဝန်များ၊ အမှုသည်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးရမည့်တာဝန်များ၊ ရှေ့နေအချင်းချင်းနှင့်စပ်လျဉ်း၍ စောင့်ထိန်းထားရှိရမည့် တာဝန်များကို သတ်မှတ်ထားရှိသည်။ ရှေ့နေများသည် လုပ်ငန်းဆောင်ရွက်ရာ၌ တရားရုံးများ၊ တရားသူကြီးများနှင့် ဆက်ဆံရသည်။ အမှုသည်များနှင့် ဆက်ဆံရသည်။ ရှေ့နေအချင်းချင်း ဆက်ဆံကြရသည်။ ဤသို့ ဆက်ဆံဆောင်ရွက်ရာတွင် မိမိတို့က မည်ကဲ့သို့ ဆက်ဆံရမည်နည်း။ မိမိတို့တွင် မည်သည့်တာဝန်များရှိသနည်း။ သတ်မှတ်ထားရခြင်းဖြစ်သည်။ မိမိ၏တာဝန်ရှိမှုကို သိကြရမည်။ တာဝန်ရှိမှုသိမှ တာဝန်ယူတတ်မည်။ တာဝန်ခံမှု သိရှိမည်။ တာဝန်ရှိမှု၊ တာဝန်ခံမှုမှ တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်ကြမည်။

အခွင့်အရေးများ

တရားလွတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများသည် သတ်မှတ်ထားချက်များအတိုင်း ပြည်ထောင်စုတရားလွတ်တော်ချုပ် သို့မဟုတ် တရားလွတ်တော်များ ယင်းတို့၏လက်အောက်ခံတရားရုံးများတွင် အမှုများကို လိုက်ပါဆောင်ရွက်နိုင်ခွင့်၊ ဥပဒေနှင့်အညီသက်သေခံချက်ရယူပိုင်ခွင့်ရှိသော အခြားခုံအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ရှေ့တွင်ဖြစ်စေ၊ ဥပဒေအရလိုက်ပါဆောင်ရွက်ခွင့်ပြုထားသည့် အာဏာပိုင် သို့မဟုတ် ပုဂ္ဂိုလ်ရှေ့တွင်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရ ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခွင့်ပြုထားသည့်ကိစ္စရပ်များတွင်ဖြစ်စေ ဥပဒေနှင့်အညီ အမှုများလိုက်ပါဆောင်ရွက်ခွင့်ရှိကြသည်။

အချုပ်သားများ၊ အကျဉ်းသားများနှင့် တွေ့ဆုံစကားပြောကြားခွင့်၊ အမှုများလိုက်ပါဆောင်ရွက်ရသည့်အတွက် ရှေ့နေခရယူပိုင်ခွင့်၊ ကော်မရှင်နာ သို့မဟုတ် ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းခံရသည့်အခါ ထိုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသည့်အတွက် လုပ်အားခ ငွေများရရှိခံစားနိုင်ခွင့်တို့ကို သတ်မှတ်ချက်များနှင့်အညီ ရယူခွင့်ရှိသည်။

ရှေ့နေအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က အခါအားလျော်စွာပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ရှေ့နေအသင်းများကို ဒေသအလိုက်ဖွဲ့စည်း၍ ရှေ့နေလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးနှင့် ရှေ့နေများ စည်းလုံးညီညွတ်ရရှိရေးတို့အတွက် ဆောင်ရွက်ခွင့်ရှိကြသည်။

ရှေ့နေများ၏အရေးပါမှုအခန်းကဏ္ဍ

ရှေ့နေများသည် ခေတ်အဆက်ဆက် တရားစီရင်ရေးကဏ္ဍတွင် တရားစီရင်ရေးမယိမ်းမယိုင် တည့်မတ်စေရေး၊ တရားဥပဒေစိုးမိုးရေးကဏ္ဍတို့တွင် အရေးပါသော ကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးကြရသည်။ ယနေ့ ဒီမိုကရေစီခေတ်ကာလတွင် ရှေ့နေများ၏အရေးပါမှုအခန်းကဏ္ဍ ပို၍မြင့်မားလာနေပြီဖြစ်သည်။ နိုင်ငံ၏ ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတို့တွင်ပါ ဘက်ပေါင်းစုံမှ ပါဝင်ဆောင်ရွက်ခွင့်ရရှိနေကြသည်။

တရားလွတ်တော်ရှေ့နေအဖြစ် အနည်းဆုံးအနှစ် ၂၀ ထမ်းဆောင်ခဲ့ပြီးသူများ သို့မဟုတ် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆရသူများသည် ပြည်ထောင်စုတရားလွတ်တော်ချုပ်တွင် တရားသူကြီးချုပ်အဖြစ်လည်းကောင်း၊ ပြည်ထောင်စုတရားလွတ်တော်ချုပ် တရားသူကြီးများအဖြစ်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးတွင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တွင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ်ပြည်ထောင်စုဒုတိယ ရှေ့နေချုပ်အဖြစ်လည်းကောင်း တာဝန်ပေးခံရခြင်း အခွင့်အရေးများ ရှိနေသည်။

တရားလွတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် တာဝန်ထမ်းဆောင်ခဲ့သူများ သို့မဟုတ် ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်ဖြစ်သည်ဟု နိုင်ငံတော်သမ္မတက ယူဆရသူများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွတ်တော်တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးများအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ်လည်းကောင်း တာဝန်ပေးခံရခြင်း အခွင့်အရေးများရှိနေသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၁ (က) တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟူ၍ ပြဋ္ဌာန်းထားသည်။

ရှေ့နေများသည် လွတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရကာ သက်ဆိုင်ရာဥပဒေပြုလွတ်တော်များဖြစ်သော ပြည်သူ့လွတ်တော်၊ အမျိုးသားလွတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွတ်တော်များတွင် ပါဝင်၍ ဥပဒေပြုလုပ်ငန်းများ ဆောင်ရွက်နေကြသည်။ အုပ်ချုပ်ရေးကဏ္ဍအဆင့်ဆင့်တွင် တာဝန်ပေးအပ်နှင်းခြင်းခံရပြီး အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်။တရားစီရင်ရေးကဏ္ဍတွင် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရပြီး ပြည်ထောင်စုတရားလွတ်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွတ်တော်များတွင် ပါဝင်၍ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်။

ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ လူ့အခွင့်အရေးကော်မရှင်၊ ပြည်ထောင်စုဥပဒေအထောက်အကူပြုပေးရေးအဖွဲ့စသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင်လည်း ရှေ့နေများပါဝင်လျက် ကိုယ်စီတာဝန်များ ထမ်းဆောင်လျက်ရှိနေကြသည်။

ဤသို့ ရှေ့နေများ၏ အရေးပါမှုအခန်းကဏ္ဍ မြင့်မားလာသည်နှင့်အညီ ရှေ့နေများသည် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများ၊ ထမ်းဆောင်ရမည့်တာဝန်များကို ပို၍ပို၍ အလေးအနက်ထားကာ လိုက်နာစောင့်ထိန်းကြရင်း ပြည်သူ့နှင့်နိုင်ငံတော်၏ ကောင်းကျိုးချမ်းသာများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်ကြသူများ ဖြစ်ကြစေလိုကြောင်းပါဗျာ။

- **ရှေ့နေများ၏အခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ကြပါစေ၊**
- **ထမ်းဆောင်ရမည့်တာဝန်များ ကျေပွန်စွာ ဆောင်ရွက်နိုင်ကြပါစေ၊**
- **စောင့်ထိန်းရမည့်ကျင့်ဝတ်သိက္ခာများ စောင့်စည်းထိန်းသိမ်းနိုင်ကြပါစေ။**

ကိုးကားချက်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ရှေ့နေ၊ ရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ။

ပဲခူးပြည်သူ့ဆေးရုံကြီးမိသားစု ခရစ္စမတ်ဆုတောင်းတေးသီချင်းများ လိုက်လံသီဆို

ပဲခူး ဒီဇင်ဘာ ၁၉

ပဲခူးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်ဦးဆောင်သော ဆေးရုံဝန်ထမ်းများသည် ဒီဇင်ဘာ ၁၈ ရက် ည ၇ နာရီခွဲက နေအိမ်များသို့ သွားရောက်၍ ခရစ္စမတ်ဆုတောင်းတေးသီချင်းများ လိုက်လံသီဆိုပေးကြသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်ဦးဆောင်၍ အထူးကု၊ ဆရာဝန်၊ သူနာပြုများအပါအဝင် ဝန်ထမ်းများနှင့် သားဖွားသင်တန်းသူများ စုစုပေါင်း ၅၀ ခန့်တို့သည် တိုင်းဒေသကြီး ဝန်ကြီးများအိမ်ရာအတွင်းရှိ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွတ်တော်ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၏နေအိမ်များသို့ သွားရောက်ကာ ခရစ္စမတ်တေးသီချင်း သီဆိုခြင်း၊ မိသားစုများ ကျန်းမာချမ်းသာစေရန် ဆုတောင်းမေတ္တာပို့သခြင်းများ ပြုလုပ်ကြရာ အိမ်ရှင်များက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့အပြင် ဆေးရုံအုပ်ကြီးဦးဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် ညပိုင်းကလည်း လူနာ/လူနာရှင်များနှင့် ဆေးရုံဝန်ထမ်းမိသားစုများအားလုံး စိတ်ပျော်ရွှင်ကျေနပ်မှုရရှိစေရန် ပဲခူးဆေးရုံလူနာဆောင်အသီးသီးသို့ သွားရောက်ကာ ခရစ္စမတ်တေးသီချင်းသီဆိုခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းများ ပြုလုပ်ခဲ့ကြသည့်အပြင် မြို့မိမြို့ဖများ၏နေအိမ်များသို့လည်း သွားရောက်ကာခရစ္စမတ်တေးသီချင်းသီဆိုခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းများပြုလုပ်ခဲ့ကြသည်။

တင်စိုး(ပဲခူး)

ချင်းပြည်နယ်တွင် ခရစ္စမတ်ဝတ်ပြုဆုတောင်းခြင်းနှင့် ညစာစားပွဲ ကျင်းပ

ဟားခါး ဒီဇင်ဘာ ၁၉

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပထမဆုံးအကြိမ်ကျင်းပသည့် ခရစ္စမတ်ပွဲတော် ဝတ်ပြုဆုတောင်းခြင်းနှင့် ညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် ည ၆ နာရီက ဟားခါးမြို့ ကာဆင်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲတို့က ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြပြီး သိက္ခာတော်ရဆရာ ဒေါက်တာဇောခါရ်က ခရစ္စမတ်ဒေသနာ ဟောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်တို့က တက်ရောက်လာကြသည့်သိက္ခာတော်ရဆရာတော်များအား ခရစ္စမတ်လက်ဆောင်များပေးအပ်ခဲ့ကြသည်။

သိက္ခာတော်ရဆရာ ရမ်ဟေးက ခရစ္စမတ် ညစာအတွက် ဆုတောင်းပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ခရစ္စမတ်ပွဲတော် ညစာစားပွဲကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **မြင့်နိုင်စိုး(ပြန်/ဆက်)**

ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

တောင်ကြီး ဒီဇင်ဘာ ၁၉

ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာဂေါက်ကလပ်တွင် (၆၂)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၇ နာရီက ဖွင့်ပွဲကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဂေါက်သီးအားကစားသည် ကမ္ဘာပေါ်တွင်ထင်ရှားသောအားကစားနည်းတစ်ခုဖြစ်သလို ကျန်းမာကြံ့ခိုင်မှု၊ စည်းကမ်းရှိမှု၊ ကိုယ်ကျင့်သိက္ခာထိန်းသိမ်းမှု၊ နည်းစနစ် ကျွမ်းကျင်မှုကိုပါ လေ့ကျင့်ပျိုးထောင်နိုင်သည့် အားကစားနည်း တစ်ခုဖြစ်ကြောင်း၊ ကမ္ဘောဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၅၆ ခုနှစ်မှစတင်ကာ Inter District Golf Tournament ဆိုသည့် ဖလားဖန်တီးပြီး တောင်ကြီးမြို့၊ ကျိုင်းတုံမြို့နှင့် လားရှိုးမြို့များတွင် နှစ်စဉ် အလှည့်ကျကျင်းပခဲ့ကြောင်း၊ ယနေ့ပြိုင်ပွဲတွင် အမျိုးသားအသင်းပေါင်း ၆၁ သင်း၊ အမျိုးသမီး ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း ပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

မောင်မောင်သန်း(တောင်ကြီး)

ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီး ၁၅၀ လှူဒါန်း

ကသာ ဒီဇင်ဘာ ၁၉

ကသာခရိုင် ကသာမြို့နယ် ဇရာဝတီမြစ်အရှေ့ဘက်ကမ်းရှိကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီး ၁၅၀ အား Lesswalk Organization မှ လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် ကသာမြို့ အထက အောင်ဆန်းခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးစိုးလွင်၊ Lesswalk Orgnaization ၏နာယက ထာဝရမန္တလေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးမောင်တို့က အမှာစကားပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အစီး ၁၀၀၀၀ လှူဒါန်းခြင်းအနက် ကသာမြို့နယ်အတွင်း အစီး ၁၅၀ ကို လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ နောက်နှစ်များတွင်လည်း မရရှိသေးသည့် ကလေးများအား ဆက်လက်လှူဒါန်းရန် အစီအစဉ်ရှိကြောင်း Lesswalk Organization တည်ထောင်သူ ကိုမိုက် (ခ) သန်းထွန်းဝင်းက ပြောကြားသည်။

ငွေအိုး(ကသာ)

ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) Product Show ကျင်းပ

တောင်ငူ ဒီဇင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၌ ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းစုဝေးခန်းမ၌ ကျောင်းသား ကျောင်းသူများ၏ သတ္တမအကြိမ်မြောက် တီထွင်မှုစွမ်းရည်ပြပွဲ Product Show 2019 ဖွင့်ပွဲ ကျင်းပသည်။

ကျောင်းသား ကျောင်းသူများ တီထွင်ဖန်တီးထားသည့် Android Application Product များ၊ Embedded Product များ၊ Web and Windows Application Product များ၊ ဒေသခံတောင်သူများအား ကူညီမည့် နည်းစနစ်များ၊ ဌာနဆိုင်ရာများ စီမံကိန်းများရေးဆွဲရာတွင် အထောက်အကူပြုမည့်စနစ်များ ပါဝင်ပြသခဲ့ကြကြောင်း သိရသည်။

ကျော်လှ(တောင်ငူ)

ရေပေးဝေရေးစီမံကိန်း သဘောတူစာချုပ် လက်မှတ်ရေးထိုး

မန္တလေး ဒီဇင်ဘာ ၁၉

ပြည်ကြီးတံခွန်မြို့နယ်၏ ၇၀ ရာခိုင်နှုန်းကို ရေပေးဝေရေးစီမံကိန်းဆောင်ရွက်ရန် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် နယ်သာလန်နိုင်ငံ Ballast Nedam International Projects B.V တို့၏ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးခြောက်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ ရဲလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး Mr. Wouter Jurgen က ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ မြို့တော်ဝန်ဒေါက်တာရဲလွင်နှင့် Mr.John Verlungen တို့က ရေပေးဝေရေးစီမံကိန်းလုပ်ငန်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ ပြည်ကြီးတံခွန်မြို့နယ်၊ ရေပေးဝေရေးစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကို အမရပူရမြို့နယ်၊ တလင်းကြီးကျေးရွာ၊ ဒုဋ္ဌဝတီမြစ်ဘေးတွင် ရေယူအဆောက်အအုံ တည်ဆောက်ခြင်း၊ ရေသန့်စင်ခြင်းလုပ်ငန်း၊ ရေသိုလှောင်အဆောက်အအုံ၊ ရေတွန်းစက်တည်ဆောက်ခြင်း၊ ရေဖြန့်ဖြူးသည့်ပိုက်လိုင်းများ သွယ်တန်းခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

မန္တလေး ဒီဇင်ဘာ ၁၉
နေပြည်တော် ဒဂ္ဂီဏသီရိမြို့နယ် ရာဇသင်္ဘာ လမ်း ကုံကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နည်းနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၌ ကျင်းပရာ အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်ဖြစ်သည့် မန္တလေးမြို့ သီရိရွှေစင်ရတနာရွှေဆိုင်မှ သုဓမ္မမဏိဇောတရဏဦးအောင်နိုင်ဆွေ-သီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်နွယ်တို့က ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူတော်ငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သုရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။ **သတင်းစဉ်**

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၉
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်တွင် **မဟာမိတ် မြန်မာနိုင်ငံအလုပ်သမားလယ်သမားပါတီ [Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)]** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် WFP Myanmar မှ Country Director တို့အား သီးခြားစီ လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၉
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Ola Almgrenနှင့် WFP Myanmar မှ Country Director, Mr. Stephen Anderson တို့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးရုံးမေခလာခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဖြစ်သူ Mr. Ola Almgren နှင့် တွေ့ဆုံစဉ် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်နှင့် လူကြောင့်ဖြစ်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများအား လူမျိုး၊ ဘာသာ၊ ကျား/ မခွဲခြားဆက်ဆံမှုမရှိဘဲ သာတူညီမျှဆောင်ရွက်နေမှု၊ ပဋ္ဌိပက္ခအတွင်း အမျိုးသမီးများ၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများမှ တားဆီးကာကွယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အထူးကိုယ်စားလှယ်ရုံးများနှင့် ပူးတွဲသဘောတူစာချုပ်များ လက်မှတ်ရေးထိုး၍ လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ပြည်တွင်းနေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ သက်ဆိုင်ရာဒေသများအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်သွားမည့် အခြေအနေ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ အာဆီယံနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ရေတို၊ ရေရှည်အနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူညီပေးအပ်ဆောင်ရွက်နေမှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် လူမှုသဟဇာတမျှတရေးဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

WFP Myanmar မှ Country Director, Mr. Stephen Anderson နှင့် တွေ့ဆုံစဉ် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးထောက်ပံ့မှုများအား စနစ်တကျထိရောက်စွာ ဆောင်ရွက်နိုင်ရေး နည်းပညာအသုံးပြုနိုင်ရန်နှင့် စီမံခန့်ခွဲမှုအထောက်အကူပြု သတင်းစနစ်ပေါ်ပေါက်လာရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ရခိုင်ပြည်နယ်အပါအဝင် ပဋ္ဌိပက္ခဖြစ်ပွားနေသည့် ဒေသများရှိ ပြည်သူများအား စားနပ်ရိက္ခာထောက်ပံ့မှု ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ထောက်ပံ့မှုအခြေအနေများ ထိရောက်မှု ရှိ/ မရှိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရန် ဆောင်ရွက်သွားမည့် အခြေအနေများ၊ စားနပ်ရိက္ခာထောက်ပံ့မှုများတွင် အဓိကဖြစ်သည့် ဆန်တွင် အာဟာရဓာတ်များ ပြည့်ဝစွာပါဝင်စေနိုင်ရေး အားဖြည့်ဆန်ပြုလုပ်၍ ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေ၊ ယာယီခိုလှုံရာစခန်းများရှိ မသန်စွမ်းသူများအား ပိုမိုထောက်ပံ့ကူညီပေးနိုင်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး WFP Myanmar မှ Country Director Mr. Stephen Anderson အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

စင်ကာပူနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် မြန်မာလူငယ်ဒါရိုက်တာ အကောင်းဆုံးဒါရိုက်တာဆုရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၉
စင်ကာပူနိုင်ငံတကာရုပ်ရှင်ပွဲတော် -၂၀၁၉ (Singapore International Film Festival 2019)တွင် မြန်မာနိုင်ငံမှ လူငယ်ဒါရိုက်တာ ဇော်ဘိုဘိုဟိန်းသည် လူနာ (The Sick) ဇာတ်လမ်းတိုဖြင့် အကောင်းဆုံးဒါရိုက်တာဆုရရှိသည်။

အကြိမ် (၃၀) မြောက် စင်ကာပူနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပရာ မြန်မာနိုင်ငံမှ ဒါရိုက်တာအောင်ဖြိုး၏ "ပြာပြာညိုရောင် မှိုင်းတလဲ့လဲ့" ရုပ်ရှင်ဇာတ်လမ်းတို၊ နှင့် ဒါရိုက်တာဇော်ဘိုဘိုဟိန်း၏ လူနာ(The Sick) ဇာတ်လမ်းတိုတို့ကို ယှဉ်ပြိုင်ခဲ့ရာ ဒါရိုက်တာဇော်ဘိုဘိုဟိန်းမှာ အကောင်းဆုံးဒါရိုက်တာဆု ဆွတ်ခူးရရှိခြင်းဖြစ်သည်။

အဆိုပါ ဆုရဇာတ်လမ်းအကျဉ်းမှာ သူငယ်ချင်းဖြစ်သူ လူနာတစ်ဦးကို မြို့နယ်ဆေးရုံသို့ လာရောက်ပို့ဆောင်သော လူတစ်ယောက်အနေဖြင့် သူငယ်ချင်းအပေါ်ထားရှိသည့် သံယောဇဉ်နှင့် ဆေးကုသစရိတ်တို့အကြား လွန်ဆွဲနေပုံကို ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ပြီး ၎င်းဇာတ်ကားသည် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ခဲ့သည့် (၉) ကြိမ်မြောက် ဝဿန်ရုပ်ရှင်ပွဲတော်တွင်လည်း အကောင်းဆုံးဆုရရှိထားကြောင်း၊ စင်ကာပူနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၁၉စဂ ခုနှစ်တွင် Geoffrey Malone and L.Leland Whitney တို့မှ မျိုးဆက်သစ်လူငယ်များ ချိတ်ဆက်နိုင်ရန်၊ အမြင်ချင်းဖလှယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ စင်ကာပူနိုင်ငံတွင် အကြီးကျယ်ဆုံးနှင့် သက်တမ်းအရှည်ဆုံး ရုပ်ရှင်ပွဲတော်ဖြစ်လာခဲ့ကြောင်း၊ ၎င်းပွဲတော်တွင် ငွေရောင်ပိတ်ကားဆု ရွေးချယ်ဆုချီးမြှင့်မှုကို အာရှနှင့် အရှေ့တောင်အာရှ ဇာတ်လမ်းပြိုင်ပွဲနှစ်ခုတွင် အကောင်းဆုံးရရှိသည့် ဇာတ်ကားများ သည်။ အား ပေးအပ်ခြင်းဖြစ်ကြောင်း သိရ

ဒါရိုက်တာဇော်ဘိုဘိုဟိန်းအား အကောင်းဆုံးဒါရိုက်တာဆု ပေးအပ်ချီးမြှင့်စဉ်။

ကျော်စွာ(FDC)

ရွှေသွေးဂျာနယ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၉
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဖိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဒီဇင်ဘာ ၂၁ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းမင်းကောင်းကို၏ "ပုပု ပါဝင်သည့် အေး.....ဟုတ်တယ်" မျက်နှာဖုံးကာတွန်း၊ မျောက်သတ္တဝါ အကြောင်းကို တင်ဆက်ထားသည့် ဗဟုသုတဖြစ်ဖွယ် သုတဆောင်းပါး၊ အသိဉာဏ်မရှိသော တိရစ္ဆာန်များကို အသိဉာဏ်ရှိသူ လူများက နားလည်ပေးရမည့်အကြောင်း ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် နှစ်မျက်နှာကာတွန်းနှင့် ဉာဏ်အမြော်အမြင် ကြီးမားမှုကြောင့် အယေဆုံးသားတော်ဖြစ်သော်လည်း ဘုရင်ကြီး၏ ထီးနန်းအပ်နှံခြင်းခံရပုံကို တင်ဆက်ထားသည့် ကလေးပုံပြင်များအပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ဉာဏ်စမ်း၊ ကဗျာစသည့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရှိရသည်။

သတင်းစဉ်

ရောဝတီတိုင်းဒေသကြီးအစိုးရအပွဲတော်၏ စီစဉ်မှုဖြင့် မြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ရေးရောင်းပွဲ
(ကျောင်းကုန်းမြို့)
၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၅ ၊ ၂၈)ရက်(သောကြာ ၊ စနေ)နေ့နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
ပြည်သူ့မဆိုပါဝင်ဆင်နွှဲနိုင်တဲ့သည်။
ပညာဝိမာန်ခန်းမ ၊ အ.ထ.က(၁) ၊ ကျောင်းကုန်းမြို့။

"ခွန်အားများနဲ့ နေ့သစ်ဆီ"ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်ပွဲနှင့် ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉
မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် Sky Net တို့ စီစဉ်မှုဖြင့် တရုတ်နိုင်ငံမှ နာမည်ကျော်ဒါရိုက်တာ Mr. Zhao Bao Gang ရိုက်ကူးသော "ခွန်အားများနဲ့ နေ့သစ်ဆီ"တရုတ်ရုပ်သံဇာတ်လမ်းတွဲ မြန်မာနောက်ခံစကားပြောဖြင့် ပြသမည့် အစီအစဉ်မိတ်ဆက်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel တွင် ကျင်းပမည်ဖြစ်ရာ သတင်းမီဒီယာများ ဖိတ်ကြားထားကြောင်း သိရသည်။

ထို့ပြင် ဒါရိုက်တာ Mr. Zhao Bao Gang သည် ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲဆိုင်ရာ ဆွေးနွေးပွဲကို မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ဆက်လက်ပြုလုပ်မည်ဖြစ်ပြီး ၎င်းတွင် ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲများကို ဖြစ်ရပ်မှန်ရိုက်ကူးရခြင်း အကြောင်းရင်း၊ ရုပ်ရှင်/ ရုပ်သံဇာတ်လမ်းတွဲများ စျေးကွက်ရရှိရေးဖန်တီးခြင်း၊ တရုတ် - မြန်မာရုပ်သံပူးပေါင်းထုတ်လုပ်ရေး၊ ရုပ်ရှင်ကုမ္ပဏီများ၏ စျေးကွက်စိန်ခေါ်မှုနှင့် မျှော်မှန်းချက်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

ကျော်စွာ(FDC)

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း လာမည့်သီတင်းပတ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ထိပ်သီးဆွေးနွေးမှုပြုလုပ်မည်

ဆိုးလ် ဒီဇင်ဘာ ၁၉

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် တရုတ်၊ ဂျပန် ခေါင်းဆောင်တို့နှင့် သုံးနိုင်ငံဆွေးနွေးပွဲအတွက် လာမည့် သီတင်းပတ်တွင် တရုတ်နိုင်ငံသို့ သွားရောက်ချိန်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပမည်ဟု တောင်ကိုရီးယားသမ္မတရုံးက ယနေ့ ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံက ယခုနှစ်အကုန်တွင် နျူကလီးယား ဆွေးနွေးမှုများပြုလုပ်ရာတွင် အလျှော့ပေးမှုများ မပြုလုပ်ပါက မြောက်ကိုရီးယားနိုင်ငံက နည်းလမ်းသစ် တစ်ရပ် လုပ်ဆောင်မည်ဟု ခြိမ်းခြောက်ခဲ့သောကြောင့် သုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲကျင်းပရန် စီစဉ်ခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ်ဒုံးကျည်တစ်လုံး ပစ်လွှတ်ဖွယ်ရှိသောကြောင့် ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများ မြင့်တက်လျက်ရှိသည်။ ခေါင်းဆောင် နှစ်ဦးက ကိုရီးယား-တရုတ် ဆက်ဆံရေးတိုးတက်လာစေရန်၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် ကိုရီးယားကျွန်းဆွယ် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်မည့် နည်းလမ်းများကို ဆွေးနွေးရန် စီစဉ်နေသည်ဟု လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ဟန်ဂျန်ဝူးက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် တရုတ် ဝန်ကြီးချုပ် လီခချန်း၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့နှင့် သုံးနိုင်ငံ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချန်ဒူးမြို့တော်သို့ သွားရောက်မည်ဖြစ်သည်။ မွန်ဂျေအင်း သည် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် လက်တွေ့ကျသော နည်းလမ်းများရှာဖွေရန် တရုတ် ဝန်ကြီးချုပ် လီခချန်းနှင့်လည်း ဆွေးနွေးမှုများပြုလုပ်ရန် စီစဉ်နေသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် လီခချန်းတို့နှင့် ဆွေးနွေးမှုများပြုလုပ်ခြင်းဖြင့် မွန်ဂျေအင်းသည် တရုတ် ခေါင်းဆောင်ပိုင်းနှင့် မဟာဗျူဟာမြောက် ဆက်ဆံမှုခိုင်မာ အောင် လုပ်ဆောင်ပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင် မည့်နည်းလမ်းများ အမြင်ချင်းဖလှယ်မည်ဟု ၎င်းက ပြောကြားသည်။



ကိုးကား - ယွန်ဟပ်
ဘာသာပြန် - ကျော်ထိုက်စိုး

တောမီးလောင်ကျွမ်းမှုကြောင့် ဩစတြေးလျတွင် အရေးပေါ်အခြေအနေ ကြေညာ

ဆစ်ဒနီ ဒီဇင်ဘာ ၁၉

ဩစတြေးလျနိုင်ငံ၏ လူနေထူထပ်သောအပိုင်းတွင် တောမီးများပျံ့နှံ့ လောင်ကျွမ်းခဲ့သဖြင့် အရေးပေါ် အခြေအနေ ကြေညာခဲ့ရသည်။ အချို့နေရာများတွင် အပူချိန်မှာ ၅၀ ဒီဂရီ ဆယ်လစီးယပ်သို့ ရောက်ရှိခဲ့ပြီး ထောင်နှင့်ချီသော မီးသတ်သမားများက တောမီးများအား ငြိမ်းသတ်နေကြပြီး မိုးလေဝသအခြေအနေမှာ ပိုမိုဆိုးရွားနိုင်ကြောင်း သတိပေးထားသည်။

ဩစတြေးလျနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုမှာ နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး အပူချိန်များမှာလည်း စံချိန်တင်ခဲ့သောကြောင့် ကမ္ဘာကြီးပူနွေးလာမှုအပေါ် စိုးရိမ်မကင်းဖြစ်မှု မြင့်တက်လာခဲ့သည်။ နယူးဆောက်ဝေးပြည်နယ်တွင် ဖြစ်ပွားသော ကြာသပတေးနေ့က တောမီးလောင်မှု အကြိမ် ၁၀၀ ခန့်ဖြစ်ပွားခဲ့ရာ အခြေအနေကို ထိန်းသိမ်းနိုင်ခြင်း မရှိခဲ့ချေ။ တောမီးများ လောင်ကျွမ်းမှုကြောင့် နယူးဆောက်ဝေးပြည်နယ် ဝန်ကြီးချုပ် ဂလဲဘာရီဂျင်ကလင်က အရေးပေါ် အခြေအနေကို ခုနစ်ရက်ကြာ ကြေညာခဲ့ရသည်။

ဆစ်ဒနီ၏အနောက်တောင်ဘက် ဘက်စတန်တွင် နေထိုင်သူဒေသခံ ပေါလ်ကော်လင်းက တောမီးလောင်ကျွမ်းမှုကြောင့် အဆောက်အဦများ ပျက်စီးခဲ့ရကြောင်း ပြောကြားသည်။ ဩစတြေးလျ အသံလွှင့်ဌာန၏ ပြောကြားချက်အရ နယူးဆောက်ဝေးတွင် အိမ်အလုံး ၂၀ ခန့် ပျက်စီးသွားခဲ့ကြောင်း သိရသည်။ ဆစ်ဒနီတွင် မီးခိုးမြူများ ဖုံးလွှမ်းနေသဖြင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ဆေးရုံများရှိ အရေးပေါ်ဌာနများတွင် လည်းအသက်ရှူလမ်းကြောင်းဆိုင်ရာ လူနာများ တက်ရောက်မှုများပြားလာခဲ့သည်။

ယခုဖြစ်ပွားသော တောမီးလောင်ကျွမ်းမှုများနှင့် ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက ကျောက်မီးသွေးများ ထုတ်လုပ်ခြင်းနှင့် စက်မှုလုပ်ငန်းများ ပြားလာခြင်းတို့အတွက် ဩစတြေးလျ ကွန်ဆာဗေးတစ်အစိုးရအပေါ် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ကြာသပတေးနေ့တွင် ဆန္ဒပြသူများက ဝန်ကြီးချုပ် စကော့မော်ရီဆင်၏ ဆစ်ဒနီရှိနေအိမ်သို့ ချီတက်ဆန္ဒပြခဲ့ပြီး ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်မှုလျှော့ချရေး တောင်းဆိုခဲ့ကြသည်။ သိပ္ပံပညာရှင်များက တောမီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသော မီးတောက်များမှာ ကမ္ဘာကြီးပူနွေးလာမှုနှင့် ကာလရှည်ကြာ မိုးခေါင်မှုကြောင့် အရှိန်ပိုပြီးရလာခဲ့ကြောင်း ပြောကြားသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - စိုးသူရ

ပနားမားခ်ၭ် ထောင်တွင်းပစ်ခတ်မှုဖြစ်ပွား ၁၄ ဦးသေ၊ ၁၃ ဦး ဒဏ်ရာရ

ပနားမားစီးတီး ဒီဇင်ဘာ ၁၉

ပနားမားနိုင်ငံ၏မြို့တော် ပနားမားစီးတီးအနီးရှိ အကျဉ်းထောင်တစ်ခုအတွင်း ယမန်နေ့က သေနတ်ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ အကျဉ်းသား ၁၂ ဦးထက် မနည်း သေဆုံးခဲ့ပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပနားမားစီးတီး၏ အရှေ့ဘက်၂၅ ကီလိုမီတာခန့်အကွာရှိ လာဂျိုရီတာ အကျဉ်းထောင်ခ်ၭ် သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် လက်လုပ်သေနတ် ငါးလက်နှင့် ပြောင်းရှည်သေနတ် သုံးလက်အပါအဝင် သေနတ်အမြောက်အမြား ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ သေနတ်ပစ်ခတ်မှုမှာ အကျဉ်းသားများ ပြွတ်သိပ်နေမှုနှင့် ဂိုဏ်းများအကြား ပြိုင်ဆိုင်မှုကြောင့် အစပြုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ ပစ်ခတ်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း ပနားမားရဲတပ်ဖွဲ့ ဒုတိယရဲချုပ် အဲလက်ဇက်မူနေ့ဇ်က ပြောကြားသည်။ ယခုဖြစ်ရပ်တွင် အကျဉ်းထောင်စောင့်များက အကျဉ်းထောင်အတွင်းသို့ လက်နက်များ မှောင်ခိုသွင်းရန် ကူညီခဲ့သည်ဟု ပြီးခဲ့သောဇူလိုင်လအတွင်း စတင်တာဝန်ထမ်းဆောင်ခဲ့သည့် ပနားမားသမ္မတ လော်ရန်တီနီကော်တီဇိုက ပြောကြားခဲ့သည်။

"ဒီလက်နက်တွေက မိုးပေါ်ကနေကျလာခဲ့တာ မဟုတ်ပါဘူး။ အကျဉ်းထောင်အတွင်း လက်နက်တွေယူဆောင်ဖို့ အကျဉ်းထောင်စောင့်တွေနဲ့ အကျဉ်းသားတွေအကြား ပူးပေါင်းဆောင်ရွက်မှုအချို့ ရှိခဲ့ပါတယ်" ဟု ၎င်းက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ နောက်ထပ်ဖြစ်ပေါ်လာမည့်ကိစ္စများကို ကြိုတင်ကာကွယ်ရန် နိုင်ငံ၏လုံခြုံရေးကောင်စီ၊ ရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပနားမားသမ္မတ လော်ရန်တီနီကော်တီဇိုက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ကျော်ထိုက်စိုး

ကုန်သွယ်ရေး သဘောတူညီချက်ရရှိပြီးနောက် တရုတ်နိုင်ငံက အမေရိကန်ကုန်စည်များကို အကောက်ခွန် ပိုမိုကင်းလွတ်ခွင့်ပေး

ဘေဂျင်း ဒီဇင်ဘာ ၁၉

နှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာမှုကို လျှော့ချပေးခဲ့သည့် ကုန်သွယ်ရေးသဘောတူညီချက် ရရှိခဲ့ပြီးနောက် တင်ပို့ခွန်များ ကင်းလွတ်ခွင့်ပြုမည့် အမေရိကန် ဓာတုပစ္စည်းစာရင်းကို တရုတ်နိုင်ငံက ကြာသပတေးနေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ထိခိုက်စေခဲ့သည့် တစ်နှစ်ကျော်ကြာသည့် ကုန်သွယ်ရေးပဋိပက္ခ တရုတ်နှင့် အမေရိကန်နိုင်ငံတို့အကြား ဖြစ်ပွားပြီးနောက် ကမ္ဘာ့စီးပွားရေးအင်အား အကြီးမားဆုံး နှစ်နိုင်ငံသည် အချို့အကောက်ခွန်များကို လျှော့ချမည့် အသေးစားသဘောတူညီချက်တစ်ရပ်ကို ပြီးခဲ့သည့် သောကြာနေ့က ကြေညာခဲ့ကြသည်။

တရုတ်နိုင်ငံက အကောက်ခွန်ကင်းလွတ်ခွင့်ပေးမည့် အမေရိကန်ကုန်ပစ္စည်းစာရင်းကို ကြာသပတေးနေ့က ကြေညာခဲ့သည်။ ထိုစာရင်းတွင် အစားအစာနှင့် အလှကုန်ပစ္စည်းများတွင် တွေ့ရှိနိုင်သည့် ရေနံဆီအမျိုးအစားများ၊ စက်မှုလုပ်ငန်းသုံး ပေါ်လီမာများ၊ အချို့သောစက်မှုလုပ်ငန်းသုံး ကော်အမျိုးအစားများ ပါဝင်သည်။

နိုင်ငံတော်ကောင်စီ အကောက်ခွန်ကော်မရှင်မှ ထုတ်ပြန်သည့် ကြေညာချက်အရ ယင်းကင်းလွတ်ခွင့်သည် ဒီဇင်ဘာ ၂၆ ရက်မှစ၍ နောက်နှစ် ဒီဇင်ဘာ၂၅ ရက်အထိ အသက်ဝင်မည်ဖြစ်သည်။ ပြီးခဲ့သည့်အပတ်က ရရှိခဲ့သည့် ပထမအဆင့် ကုန်သွယ်ရေးသဘောတူညီချက်အရ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တရုတ်ကုန်စည်များအပေါ် အသစ်ထပ်မံကောက်ခံမည့်အခွန်များကို ပယ်ဖျက်ပေးခဲ့သည်။ အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံက အမေရိကန်ကုန်စည်များအပေါ် ထပ်မံအရေးယူမှုများကို ဆိုင်းငံ့မည်ဟုဆိုသည်။

သို့သော်လည်း တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် မည်သည့်သဘောတူညီချက်ကိုမျှ ယခုထိ လက်မှတ်ရေးထိုးခြင်းမရှိသေးပေ။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - အောင်ဇော်လင်း

သေနတ်သမားများက အိန္ဒိယကောလိပ်ကျောင်းသားနှစ်ဦးကို ပစ်သတ်

နယူးဒေလီ ဒီဇင်ဘာ ၁၉

အိန္ဒိယနိုင်ငံမြောက်ဘက် ပန်ဂျပ်ပြည်နယ်၏ မြို့တော်ချန်ဒီဂျ်မြို့ရှိ အိမ်ခန်းတစ်ခန်းတွင် ၄ားရမ်းနေထိုင်သော ကောလိပ်ကျောင်းသားနှစ်ဦးကို သေနတ်သမားများက ပစ်သတ်ခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ယနေ့ပြောကြားသည်။

အသက် ၂၀ အရွယ်ရှိ အာကျေးနှင့် ဗီနစ်ဆိုသူ ကျောင်းသားနှစ်ဦးတို့သည် ဒီဇင်ဘာ ၁၈ ရက် ညက ၎င်းတို့နေထိုင်သော အိမ်ခန်းတစ်ခန်းထဲတွင် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ကျောင်းသားတို့ ၄ားရမ်းနေထိုင်သော အိမ်ခန်းသို့လာသည့် အမျိုးသားတချို့နှင့် ဒီဇင်ဘာ ၁၈ ရက်ညတွင် စကားပြောနေပြီး မကြာမီအတွင်းမှာ ကျောင်းသားများကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် အဆိုပါ ကျောင်းသားနှစ်ဦးကို ဆေးရုံသို့ ချက်ချင်းပို့ဆောင်ခဲ့သော်လည်း မကြာမီအတွင်းမှာပင် သေဆုံးသွားသည်ဟု ဆရာဝန်များက ကြေညာလိုက်သည်။

ရဲတပ်ဖွဲ့၏ပြောကြားချက်အရ ပစ်ခတ်မှုဖြစ်ပွားစဉ် အဆိုပါအိမ်ခန်းထဲတွင် လူသုံးဦး နေထိုင်ပြီး ၎င်းတို့အနက် တစ်ဦးသည် အသက်ရှင်လွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

သေဆုံးသူ ဗီနစ်သည် အစိုးရအမျိုးသားကောလိပ်ကျောင်း၌ ဘီအေဘွဲ့အတွက် ပညာဆည်းပူးလျက်ရှိပြီး အာကျေးဆိုသူသည် ဆာနာတန်ဒါမာကောလိပ်ကျောင်းတွင် မဟာဘွဲ့အတွက် ပညာဆည်းပူးနေသူဖြစ်သည်။

အာကျေးသည် ပန်ဂျပ်ပြည်နယ် ဂျင့်ခရိုင်မှ လာရောက်ပညာဆည်းပူးပြီး ဗီနစ်သည် ဆိုနိုပက်ခရိုင် ဂိုဟာနာမြို့မှ လာရောက်သူဖြစ်သည်။ အာကျေးနှင့်ဗီနစ်တို့သည် လွန်ခဲ့သည့် နှစ်ရက်က အဆိုပါတိုက်ခန်းသို့ ပြောင်းရွှေ့လာပြီး နှစ်ဦးစလုံးသည် ဟိန္ဒူကျောင်းသားအဖွဲ့နှင့်ဆက်စပ်သော ကျောင်းသားများဖြစ်ကြောင်း ဒေသခံပြည်သူများ၏ ပြောဆိုချက်အရ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ကျေတီ

မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်)
၁၃၈၀ ခုနှစ်၊ လ၊ ရက်
(၂၀၁၉ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

၄။ တင်ဒါပိတ်မည့်ရက်၊ အချိန် - ၁၇-၁-၂၀၂၀ရက်(သောကြာနေ့) ၄:၃၀နာရီ

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီအဖွဲ့
သူနာပြုတက္ကသိုလ်၊ ရန်ကုန်

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀) ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော် ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉၆

ဒေါ်ခင်စောဦး ဦးအောင်မျိုးသူ

နှင့်

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၄၅/၄၇)ရပ်နေ တရားပြိုင် ဦးအောင်မျိုးသူ (ယခုနေရပ်လိပ်စာမသိသူ)သိရှိစေရမည်။

သင့်အပေါ်၌ **တရားလိုက ငွေကျပ်(၂၉၆၈၀၀၀၀၀)၊ (ကျပ်နှစ်ထောင့်ကိုးရာခြောက်ဆယ့်ရှစ်သိန်းတိတိ)ရလိုကြောင်း**နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ **အရေးကြီးသည့်** စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ (၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကေသီခိုင်ငြိမ်း)
ဒုတိယခရိုင်တရားသူကြီး(၁၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ ကုန်သွယ်လုပ်ငန်းခွန် နှစ်ချုပ်ကြေညာလွှာ တင်သွင်းရန်နှိုးဆော်ခြင်း (တတိယအကြိမ်)

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေရရှိသောနှစ်။** ကြေညာလွှာ ပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေရရှိသောနှစ်(စာရင်းပြုစုရမည့်ကာလ)သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဘဏ်များအပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိကာလ၊

(ခ) ကျန် တစ်ဦးချင်းပုဂ္ဂိုလ်နှင့် ပုဂ္ဂိုလ်စု၊ အဖွဲ့အစည်းများအတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်အထိကာလ၊

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါကဆိုင်ရာအခွန်စီမံခန့်ခွဲမှုကို ဆောင်ရွက်နေသောရုံးတွင် တင်သွင်းရန်ဖြစ်ပြီးအခွန်ထမ်းသစ် ကုမ္ပဏီဖြစ်ပါကနိုင်ငံခြားကုမ္ပဏီကို အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြန်မာကုမ္ပဏီဖြစ်ပါက အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၄)တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြန်မာကုမ္ပဏီဖြစ်ပါက အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)တွင် လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ပြည်နယ်ရှိ မြန်မာကုမ္ပဏီဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း၊ တစ်ဦးချင်းအခွန်ထမ်းဖြစ်ပါကဆိုင်ရာမြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်းတင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း (၂)မျိုးဖြင့် တင်သွင်းနိုင်ပါသည်-

(က) **လူကိုယ်တိုင်ပေးပို့ တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟုမှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှပေးပို့ခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့်စာတိုက်တံဆိပ်ပါနေ့ရက်တွင်လည်းကောင်း တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကိုတာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်ရန် လိုအပ်ပါသည်။

၅။ ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါကပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

၆။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၀ခုနှစ်၊ဇန်နဝါရီလ(၂)ရက်(ကြာသပတေးနေ့)ဖြစ်ပါသည်။

(မှတ်ချက်။ သက်ဆိုင်ရာဥပဒေများအရ ကြေညာလွှာ တင်သွင်းရမည့် နောက်ဆုံးနေ့ဖြစ်သော (၃၁-၁၂-၂၀၁၉) ရက်၊ အင်္ဂါနေ့သည် နိုင်ငံတကာနှစ်သစ်ကူးအကြိုနေ့ ရုံးပိတ်ရက်ဖြစ်ပြီး (၁-၁-၂၀၂၀) ရက်၊ ဗုဒ္ဓဟူးနေ့သည်လည်းနိုင်ငံတကာနှစ်သစ်ကူးရုံးပိတ်ရက် ဖြစ်သောကြောင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)အရယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်ဖြစ်သည့် ၂-၁-၂၀၂၀ နေ့ကို သတ်မှတ်ခြင်းဖြစ်ပါသည်။)

၇။ **ဒဏ်ကြေးငွေ။** အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခွန်ကြေညာလွှာများကိုအချိန်မီတင်သွင်းရန် ပျက်ကွက်ပါကအောက်ပါ ဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကိုပေးဆောင်ရမည် ဖြစ်ပါသည်-

(၁) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်ကစည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(၂) ငွေကျပ်တစ်သိန်း။

(ခ) အကယ်၍ အခွန်ကြေညာလွှာတွင် မမှန်ကန်သောဖော်ပြချက်တစ်ခုသို့မဟုတ် အခွန်လျော့နည်းစေသောသော့ချက်တစ်ခုခုအားချန်လှပ်ထားခဲ့ခြင်းတို့ကို အခွန်ထမ်းက ကြိုတင်ကြံရွယ်ချက်ဖြင့်ပြုလုပ်ခြင်း သို့မဟုတ်လျစ်လျူရှုခြင်းဖြစ်ပါကအောက်ပါအတိုင်းယင်းငွေတစ်ရပ်ရပ်ကိုပေးဆောင်ရမည်ဖြစ်ပါသည် -

(၁) လျော့နည်းပေးဆောင်သည့်အခွန်သည် ကျပ်သိန်းတစ်ထောင်အောက်ဖြစ်လျှင် သို့မဟုတ် ပေးဆောင်ရမည့်အခွန်၏ ၅၀ရာခိုင်နှုန်းအထက်မကျော်လွန်လျှင်လျော့နည်းပေးဆောင်ရမည့်အခွန်ပမာဏ၏ ၂၅ရာခိုင်နှုန်း

(၂) လျော့နည်းပေးဆောင်သည့် အခွန်ပမာဏသည် ကျပ်သိန်းတစ်ထောင်ထက်ကျော်လွန်လျှင် သို့မဟုတ် ပေးဆောင်ရမည့် အခွန်၏ ၅၀ ရာခိုင်နှုန်းထက်ကျော်လွန်လျှင် လျော့နည်းပေးဆောင်သည့်အခွန်ပမာဏ၏ ၇၅ ရာခိုင်နှုန်း။

ဝင်ငွေခွန်ကြေညာလွှာ

၈။ **ကြေညာလွှာတင်သွင်းရန် တာဝန်ရှိသူ။** ဝင်ငွေခွန်စည်းကြပ်မှုခံယူမည့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့်ဖက်စပ်လုပ်ငန်း၊ သမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ်(လစာခေါင်းစဉ်မှဝင်ငွေသာရရှိသူမပါ)၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့် အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရမှတ်ပုံတင်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း (သို့မဟုတ်) အသင်းအဖွဲ့တို့သည် ဝင်ငွေနှစ်အတွင်းဝင်ငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေခွန်ကြေညာလွှာ သတ်မှတ်ရက်အတွင်း တင်သွင်းရန်လိုအပ်ပါသည်။ လစာခေါင်းစဉ်မှဝင်ငွေသာရရှိသူဖြစ်ပါက ကြေညာလွှာ တင်သွင်းရန်မလိုအပ်ပါ။

၉။ **ပူးတွဲတင်သွင်းရန်။** အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးသို့မဟုတ်အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)ရှိအခွန်ထမ်းဖြစ်ပါက သတ်မှတ်ကြေညာလွှာပုံစံ၌ ဖော်ပြပါရှိသော ညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုလိုက်နာဆောင်ရွက်ရန် ဖြစ်ပြီးဘဏ္ဍာရေးရှင်းတမ်းတင်သွင်းရန် မလိုအပ်ပါ။

(ခ) ကျန်ရုံးများမှ အခွန်ထမ်းဖြစ်၍ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေရရှိသူဖြစ်ပါကထားရှိရမည့် စာရင်းများအပါအဝင်ဖြစ်သောသက်ဆိုင်ရာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းတစ်စောင်ကိုဝင်ငွေခွန်ကြေညာလွှာနှင့် ပူးတွဲတင်ပြရန် လိုအပ်ပါသည်။

လစာနှစ်ချုပ်စာရင်း

၁၀။ အလုပ်ရှင်သည် မိမိဝန်ထမ်းများအတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀)ရက်အထိ (၆)လတာကာလအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ သတ်မှတ်ရက်အတွင်း ပေးပို့ရန်လိုအပ်ပါသည်။

ကုန်သွယ်လုပ်ငန်းခွန်နှစ်ချုပ် ကြေညာလွှာ

၁၁။ **နှစ်ချုပ်ကြေညာလွှာ တင်သွင်းရန် တာဝန်ရှိသူ။** သတ်မှတ်ကာလအတွင်း စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရရှိသူမည်သူမဆို အောက်ဖော်ပြပါဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ (သို့မဟုတ်) နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို သတ်မှတ်ရက်အတွင်း အချိန်မီတင်သွင်းရန် လိုအပ်ပါသည်-

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊

(ခ) ကုန်စည်တင်သွင်းခြင်း၊

(ဂ) ကုန်သွယ်မှုဆောင်ရွက်ခြင်း၊

(ဃ) ဝန်ဆောင်မှုဆောင်ရွက်ခြင်း။

၁၂။ **စုံစမ်းရန်။** မရှင်းလင်းသည့်အချက်များကိုသက်ဆိုင်ရာရုံးများနှင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်းဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၃၃ ၊ ၀၆၇-၃၄၃၀၅၂၂၊

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ၀၂-၄၀၃၀၁၀၉၂

(ပုံ) မင်းထွဋ်
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

ကြယ်စင်လမ်း TRAVEL
09-449002789, 09-5002691, 01-8011272

HAPPY HOUR (HH) Travels & Tours
Dec 25, 29
09-450 969 700, 09-450 969 800, 09-50 88 151

၁၉၉၁-၉၄ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘွဲ့ရ ကျောင်းသား/ကျောင်းသူများ၏ သတ္တမအကြိမ်မြောက်

ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲ

သူငယ်ချင်းတို့ရေ ကျောင်းပြီးခဲ့တဲ့ ငွေရတု အမှတ်တရအချိန်မှာ တို့တစ်တွေရဲ့ ဆရာကြီး/ဆရာမကြီးများကို ရှိရှိသေသေ ကန်တော့ကြရင်း ပြန်ဆုံကြရအောင် အရောက်လှမ်းလာခဲ့ဖို့ နွေးထွေးစွာ ဖိတ်ခေါ်ပါရစေ။

M3 Food Centre — နေ့ရက်၊ ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ ၄ရက်
ဗဟန်းအားကစားဝင်း — အချိန်၊ ညနေ(၅)နာရီ
တော်လှန်ရေးပန်းခြံရှေ့

အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန်
ကမ္ဘောဇဘဏ်(ကမာရွတ်ဘဏ်ခွဲ-၁) 021-302-00701825001
Daw Thuza, Daw Su Su Htay

သူငယ်ချင်းကိုယ်စားလှယ်များ

အောင်သိန်း	09-5150374	ဒေါက်တာမီမီသိန်း	09-799253482
လှမျိုးထွန်း	09-250071480	ဒေါက်တာယဉ်မင်းထွေး	09-43200096
ရီလွင်	09-785167163	ဖြူဖြူခိုင်	09-5167851
သန်းမြင့်	09-5120474	သူဇာ	09-5021895
အောင်ကိုကိုဇော်	09-790136527		

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များနှင့် ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ — ၂၀-၁၂-၂၀၁၉ (သောကြာနေ့)၊
စတင်ရောင်းချမည့်ရက် — နံနက် ၉:၀၀ နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် — ၂၀-၁-၂၀၂၀ (တနင်္လာနေ့)၊ ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)၊
ရန်ကုန်-ပြည်လမ်း၊ ကျိုက္ကလို့ဘုရားအနီး၊ မင်္ဂလာဒုံမြို့နယ်၊
ဖုန်း-၀၁-၆၃၅၂၉၉၊ ၀၁-၆၃၇၅၄၁

နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း
ဝ-(154) ၊ မြို့မဈေး ၊ ပွဲရုံတန်း ၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
Manual & Auto

LUCKY HOME
ဆေးသုတ်ဝန်ဆောင်မှုလုပ်ငန်း
Unitex = 200, 250
Orient = 250, 350
Premier = 350, 450
ICI = 500, 650
PH:09-425305837
09-250161966

GRACE
(Eng Specialist)
* TOEFL
* IELTS } အမြန်သင်ပေးသည်
* Eng 4 Skills & Grammar
(အိမ်လိုက်သင်ပေးသည်။)
* YLE exams & Polytechnic English
ဖြေဆိုမည့်သူများအတွက် သီးသန့်သင်ကြားပေးသည်။
အမှတ်(၈၃)၊ အောင်ဇေယျလမ်း၊
အလုံမြို့နယ်၊
Ph:09-43020728

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/သူရိယရပ်)၊ ဦးပိုင်အမှတ်(၅၃ က/၁)၊ ၅၃ က/၃)၊ ဧရိယာ(၀.၄၇၄)ဧကအနက် ဧရိယာ(၀.၁၅၇)ဧကရှိ ဦးကျော်တင့်(ဘ)ဦးကျော်ဟန်(၉/တကန(နိုင်)၀၀၈၇၆၁)အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်အား ဒေါ်ဖွန်ဖွန်ရွှေရည်ဦး(ဘ)ဦးဝင်းရွှေ(၉/တကန(နိုင်)၁၁၇၄၇၉)နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ဦးကျော်တင့် အမည်ပေါက် မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

Asia Dragon (အေးရှားနဂါး)
09 300 300 30, 09 300 300 90, 09 799 100 100, 09 797 100 100

ရွှေလမ်းခရီး ...မှ Dec 20, 24, 27, 30
* ပုဂံ(ရွှယ်တော်လေးဆူ)၊ ပြည့်ငါးပြည့်၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ -ရွှေတန့်တစ်။
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မင်းကွန်း၊ ဝေရောစနကျောက်စိမ်းစေတီ။
* တောင်ကြီး၊ (မွေတော်ကက္ကူ)၊ (ထမ့်စမ်းလှိုဏ်ဂူ)၊ အင်းလေး၊ မိန်းမရဲတောင်။
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကယားပြည်နယ်-လွိုင်ကော်၊ (တောင်ကွဲစေတီ)။
* ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရှစ်၊ မောင်းမကန်ကမ်းခြေ၊ မြင်းခွာအော်ကမ်းခြေ။
* ကရင်ပြည်နယ်၊ မြဝတီ၊ ဘုရားစုံ၊ မဲဆောက်လေ့လာရေးနှင့် ဘားအံ။
* ကယားပြည်နယ်၊ လွိုင်ကော်၊ တောင်ကွဲစေတီ၊ ကြွတ်ဂူ၊ ထီးစဲခါးရေတံခွန်။
* ကချင်ပြည်နယ်၊ အင်းတော်ကြီး(ရွှေမြူ)၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ဇလုံတောင်၊ (ဗိုးကုတ်)
* ချင်းပြည်နယ်၊ ကန်ပက်လက်မြို့၊ ဝိတိုရိယတောင် (နတ်မတောင်)၊ ဓလေး။
095124678, 09401589907, 01371317

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် တိုတယ်မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရတနာစီမံကိန်း)တို့ပူးပေါင်း၍ ဂဟေဆက်သင်တန်း(Gas Metal Arc Welding Training Course(CO_2 Welding)အား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

သင်တန်းဖွင့်လှစ်မည့်ရက် - ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်
သင်တန်းဖွင့်လှစ်မည့်နေရာ - ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း [ယခင် စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ပညာသင်ကျောင်း (အောင်ဆန်း)၊ ကျောင်းဂိတ်မှတ်တိုင်အနီး]၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၇၇၃၈၇၃၆၉၊ ၀၉-၄၂၆၁၄၉၆၁၉
သင်တန်းကာလ - ရက်သတ္တပတ်(၆)ပတ်

၂။ သင်တန်းသား(၁၀)ဦး လက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည်-

(က) အခြေခံပညာအလယ်တန်းအောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာနားလည်သူဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့် သင့်လျော်သောကျန်းမာရေးရှိရပါမည်။

(ဂ) သင်တန်းတက်ခွင့်ရသောနေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက်မကြီးသူ ဖြစ်ရပါမည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သောသူများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည် ဖြစ်ပါသည်။ သတ်မှတ်ကျောင်းခေါ်ချိန်ပြည့်မီ၍ သင်တန်းစာမေးပွဲ အောင်မြင်သူများသည် သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုလက်မှတ်(Certificate)ရရှိမည်ဖြစ်ပါသည်။

၅။ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသူများသည် သင်တန်းကြေးအခမဲ့ဖြစ်ပြီး၊ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း လစဉ်ငွေကျပ်(၃၀,၀၀၀)ကို ရတနာစီမံကိန်းမှ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းသားအတွက် လိုအပ်သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment)အတွက် ကုန်ကျစရိတ်ကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရပါမည်။

၇။ သင်တန်းလျှောက်လွှာများကို ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း (အောင်ဆန်း)တွင် ၂၁-၁၂-၂၀၁၉ရက်မှစတင်၍ နံနက် ၉:၀၀နာရီမှ ညနေ ၄:၀၀ နာရီအတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား ပတ်စ်ပို့ဆိုဒ် ရောင်စုံဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ မွေးသက္ကရာဇ်နှင့်ပညာအရည်အချင်းအတွက်ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်တို့နှင့်အတူ အဆိုပါသင်တန်းကျောင်းတွင် ၆-၁-၂၀၂၀ရက်နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း(အောင်ဆန်း)၊ ဖုန်း-၀၉-၇၇၇၃၈၇၃၆၉၊ ၀၉-၄၂၆၁၄၉၆၁၉သို့ ရုံးချိန်အတွင်း နံနက် ၉:၀၀နာရီမှ ညနေ ၄:၀၀နာရီအတွင်း စုံစမ်းနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

ဦးသန်းထွေး + ဒေါ်သန်းသန်းမြင့်
မှထထထ တိမ္ဗ (1)
ကားမောင်း၊ စက်ပြင်သင်တန်း
01-549764, 01-545155
01-573986, 01-573988

ရာဇဝတ်ခွင့်ကုမ္ပဏီမှဝန်ထမ်းများခေါ်လှူခြင်း – (၁)နယ်လှည့်အရောင်းမန်နေဂျာ(ကျား/၁၀ဦး)အသက် ၂၅နှစ်မှ ၄၅နှစ်အတွင်းဖြစ်ရမည်၊ တက္ကသိုလ်တစ်ရစုမှ အဖွဲ့ရရှိပြီးသူဖြစ်ရမည်၊ အခြေခံလစာအခြေခံ အရိန်ပို ကြေးပေါင်းပြီး အလုပ်စဝင်ပြီးအလုပ်သင်ကာလတွင် နှစ်သိန်း၀ါ၊အသာင်းကျပ်၊ ရုံးခွဲပေးပြီး ပထမလတွင် သုံးသိန်းကျပ်၊ ဒုတိယလတွင် ၅လေးသိန်းကျပ်၊ တတိယလတွင်ငါးသိန်းကျပ်ရရှိမည်၊ လစာအပြင် မိမိရောင်းရသော မြေဩစာတစ်အိတ်ရင်းအလိုက် ကော်မရှင်ရရှိမည်၊ (၂)နယ်လှည့်အရောင်းစာရေး (ကျား/၅၀ဦး) အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းဖြစ်ရမည်၊ အခြေခံလစာ အခြေခံအရိန်ပို၀ကြေးပေါ်ပြီး (၉တန်းအောင်/တစ်သိန်းခြောက်သောင်းကျပ်၊ ၁၀ တန်းအောင်/တစ်သိန်းရှစ်သောင်းကျပ်) ဘွဲ့ရ/တစ်သိန်းရှစ်သောင်းကျပ်)စတင်ရရှိမည်၊ နယ်ထွက်သည့် ဝန်ထမ်းများအားလုံး (၁)ရက်လျှင် စားစရိတ် နှစ်ထောင့်ငါးရာကျပ်၊ နယ်ထွက်ကြေးအခြေခံ အခြေခံလစာအပြင် အပို ဆုကြေးအခြေခံ နှစ်သောင်းကျပ်ထပ်မံရမည်။ (ကမ္ဘာ့ကျော်ခံတင်မပြည်ဆ)ရာဇဝတ်ခွင့်ကုမ္ပဏီလိပ်စာတဲ့ (၁၆)လမ်းနှင့်ဓမ္ဓာလမ်းဆောင့်၊ ပေါင်းဇလတ်၊(၂)ရပ်ကွက်၊ ယျမ်းရေးနေပြည်ထောက်။ ဖုန်း၊ ၀၉-၄၂၃၆၈၂၀၀၃၊ ၀၉-၄၂၃၆၈၂၀၀၄၊ ၀၉-၄၂၃၆၈၂၀၀၅

ဟိုတယ်ဆောက်ရန် မြေကွက်ရောင်းမည်

သီလဝါဂျပန်စက်မှုဇုန်ကြီးကို ကြိုဆိုလျက် ရန်ကုန်အင်းယားလိပ်ဟိုတယ်ကဲ့သို့ ဟိုတယ်ဆောက်ရန် သင့်တော်သည့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်အခုံး ကျောက်တန်းမြို့အဝင်တွင် မြေကွက်ကြီး(၅-၁၀)ဧကခန့် ရောင်းရန်ရှိသည်။ ညှိနှိုင်းစျေး (အကျိုးဆောင်များသည်းခံပါခင်ဗျား)

ဆက်သွယ်ရန် ရုံးချိန်အတွင်း - ဖုန်း ၀၁-၅၃၅၃၈၆

ဆောင်ထိပ်တန်း သက်ရင်းကြီး လိမ်းဆေးရည်

TMR-012803(0118)

ခွေး၊ ခါး၊ ဇတ်၊ ဖနောင့်တို့တွင်ဖြစ်သော ကျီးပေါင်းရောဂါအမျိုးမျိုး နှင့် ကျီးပေါင်းရောဂါကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာသော ရောဂါ၀ေဒနာများ။ လေ၁နှိ၊ ၊ခွားနာ၊ ခါးနာ၊ ဖနောင့်နာ၊ အကြောတင်း၊ ထုံကျဉ်ညောင်းကိုက်၊ အကြောတက်၊ လက်ကပ်၊ မေးရွဲ ပါးရွဲ အကြောအာနည်းခြင်း စသည် အာရုံကြောရောဂါ အမျိုးမျိုးတို့အတွက် ဆေးကို အသာသာထဲစိမ့်ဝင်အောင်လိမ်းပေးပါက သက်သာမှုမြန်ဆန်စေပါသည်။

အောက်ပါဆေးခန်းတွင် အထက်ဖော်ပြပါ ရောဂါများအားကုသနိုင်ပါသည်

ဒေါက်တာ ထိပ်တန်း - အရှိး အကြော အဆစ် လေ၁နှိ၊ တုတိုင်းရင်းဆေးခန်း

(၁) အမှတ်(၄၀)မြေညီထပ်၊ ဦးဝိစာရလမ်း၊ မဟာဗြိုင်းအိမ်ရာ၊ အကြော်တဲမှတ်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း။
(၂) အမှတ်(၃၀၇) အပိုင်း(၁)၊ငမိုးရိပ်(၇)လမ်း၊သဃန်းကျွန်း။

ဖုန်း - ၀၉ ၅၁၈၅၅၀၁၄၊ ၀၉ ၄၂၀၀၄ ၂ ၆ ၈ ၉

အညောင်းထိုင်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည် ...

လမ်းလျှောက်ပါ ဆန္ဒမှန် သောက်ပါ

ဆီးဝမ်းလေမှုန် ပေါ့ပါးကျန်းမာမည်

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၅ရပ်ကွက်၊ သုမန(၅)လမ်း၊ အမှတ်(၃၁၁)အမည်ရှိ ဂရန်မြေပေါ်တွင် တည်ဆောက်ထားသော ၂ခန်းတွဲ ၆ထပ်တိုက်၏ တတိယထပ်(A4 ခေါင်းရင်းခန်း) တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဦးမျိုးသန့်ကျော်[၁၂/လမတ(နိုင်)၀၃၇၁၉၀]ထံမှ ဝယ်ယူရန် ကျွန်ုပ်မှစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

ဤတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါပြီး ၇ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ခေါ်ဝေကြည်ဖြိုး
ဖုန်း-၀၉-၇၉၉၅၂၂၆၇၊ ၀၉-၇၉၉၅၂၂၆၅
အမှတ်-၉၉၊ ၄ လွှာ A၊ ပဒုမ္မာလမ်း ၂ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈-ရပ်ကွက်၊ စောရန်ပိုင်လမ်း၊ အမှတ်-၄၇၃ ဟုခေါ်တွင်သော မြေနှင့်အိမ်

အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၄၇၃၊ ဧရိယာ(၀.၀၆၁)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးသိန်းယူ(ISN-၁၉၇၂၂၄)[၁၂/ရကန(နိုင်)၀၅၂၇၅၅]မှ မိမိတာရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးမင်းစော
အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၉)

ဦးကျော်မင်းနိုင်
အထက်တန်းရှေ့နေ(စဉ်-၄၈၈၀)

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းမြိုလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၈)တောင်ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်(၃)၊ အခန်း(၅၀၉) (၆)လွှာနေ ဒေါ်ကြည်ကြည်ခိုင်[၁၄/ပသန(နိုင်)၀၁၅၆၆၅]၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ မလွကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ အမှတ်(၂၇၆)၊ မြေတိုင်းရပ်ကွက်-၄အေ၉၁၊ မြေကွက်အမှတ်(၄.၁)မြေပေါ်ရှိ မြေညီထပ်၊ ပထမထပ်နှင့် အဋ္ဌမထပ်ရှိ တိုက်ခန်း(၃)ခန်းနှင့် မြေပိုင်ရှင်မှာ မိဘများဖြစ်ကြသော ဦးစံတင်၊ ဒေါ်ခင်သန့်တို့ အမည်ပေါက်ပိုင်ဆိုင်သည့် မြေနှင့်တိုက်ခန်းများ ဖြစ်ပါသည်။

၂။ ဖခင်ဖြစ်သူ ဦးစံတင်မှာ ၂၅-၁၂-၂၀၁၈ ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်သန့်မှာ ၁၃-၁၀-၂၀၀၀ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။

၃။ ကွယ်လွန်သူမိဘများတွင် (၁) ဦးမောင်မောင်တင်၊ (၂) ဦးအောင်အောင်တင်(ကွယ်လွန်သူ)၊ (၃)ဒေါ်သီဂီစိုးတင်၊ (၄) ဦးခေမာစာရ (လူအမည်- ဦးကျော်သက်တင်)၊ (၅)ဒေါ်လှလှပို၊ (၆)ဒေါ်ရင်ရင်ပို၊ (၇) ဒေါ်အေးအေးထွေးတင်ဟူ၍ သားသမီး(၇)ဦးရှိပါသည်။

၄။ ယခုအခါ အဆိုပါ သားသမီး(၇)ဦးမှာ ဗမာ၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေကပေးအပ်ထားသော အမွေဆက်ခံရေးဆိုင်ရာ အခွင့်အရေးများအရ အမွေဆက်ခံခွင့်ရှိသူများ ဖြစ်ကြပါသည်။

၅။ ဦးအောင်အောင်တင်(ကွယ်လွန်သူ)မှာ ကွယ်လွန်သူမိဘများဖြစ်သော ဦးစံတင်၊ ဒေါ်ခင်သန့်တို့၏ ဒုတိယမြောက်သားတစ်ဦးဖြစ်ပြီး အဆိုပါ တိုက်ခန်းအမှတ်(၂၇၆)၊ မြေညီထပ်အခန်းတွင် မိသားစုနှင့်အတူ နေထိုင်ကာ ၎င်းမှာ ၁၆-၇-၂၀၁၉ ရက်တွင် ကွယ်လွန်ခဲ့ပြီး ဇနီးဒေါ်ကြည်ကြည်ခိုင်နှင့် သားအသက်(၇)နှစ်အရွယ်ရှိ ပထမတန်းကျောင်းသား မောင်ရဲရင့်အောင် သားတစ်ဦးတည်းတို့ ကျန်ရစ်ခဲ့ပါသည်။

၆။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ မလွကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ အမှတ်(၂၇၆)၊ မြေတိုင်းရပ်ကွက်-၄ အေ ၉၁၊ မြေကွက်အမှတ်(၄.၁) မြေပေါ်ရှိ မြေညီထပ်၊ ပထမထပ်နှင့် အဋ္ဌမထပ်ရှိ တိုက်ခန်း(၃)ခန်းနှင့် မြေပိုင်ရှင်မှာ ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးစံတင်၊ ဒေါ်ခင်သန့်တို့၏ သားသမီး(၇)ဦးတို့၏ အမွေဆိုင်ပစ္စည်းများဖြစ်ပါသည်။

၇။ အဆိုပါအမွေဆိုင်ပစ္စည်းများကို အမွေဆိုင်တစ်ဦးဖြစ်သူ ဦးစံတင်၊ ဒေါ်ခင်သန့်တို့၏ ဒုတိယသားဖြစ်သူ ဦးအောင်အောင်တင်(ကွယ်လွန်သူ)မှာ အမွေပုံ၏(၇)ပုံ၊ (၁)ပုံရထိုက်ခွင့်ရှိသူဖြစ်ပြီး ၎င်းကွယ်လွန်သွားသောအခါ သူ၏အမွေကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေက ပေးအပ်ထားသော အမွေဆက်ခံရေးဆိုင်ရာ အခွင့်အရေးအရ ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်ခိုင်ကသာ ဆက်လက်အမွေဆက်ခံခွင့်ရှိသူ ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ အမွေဆိုင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ခိုင်၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်ပိုင်ခွင့်မရှိကြောင်း ကြေညာပါသည်။ အကယ်၍ အထက်ပါ အမွေဆိုင်ပစ္စည်းများကို လွှဲပြောင်းရောင်းချခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း ပြုလုပ်ခဲ့လျှင် ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ကြည်ကြည်ခိုင်
(ကွယ်လွန်သူ
ဦးအောင်အောင်တင်၏ တရားဝင်ဇနီး)

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်ဝင်း (ဥပဒေတွဲ)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၇၃၇၉)
၁၁၊ ပ-ထပ်(ဝဲ)၊ မဥ္ဇူလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၃၁၈၈၄၇၃

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၆)လမ်း၊ တိုက်အမှတ်(၂၄၃)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ စတုတ္ထထပ်၊ ၅-လွှာ၊ ခြေရင်းခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းအားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဒေါ်မြင့်မြင့်ဝေ(၁၂/မရက(နိုင်)၁၂၅၉၁၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဦးအောင်နိုင်ဦး(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၂၄)
တိုက်(၁၁)၊ တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၉၇၈၀၀၀၃၄၉၀၊ ၀၉-၄၂၁၀၅၃၄၆

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

---

(၁)နှစ်ပြည့် ဒါနကုသိုလ်ဆုတောင်း
ဗိုလ်မှူးမောင်နီ (လေ-1255)
အငြိမ်းစားညွှန်မှူး-စက်မှု(၁)

ကျေးဇူးရှင် ချစ်ခင်ပွန်း မိသားစုနှင့်ခွဲခွာခြင်း (၁)နှစ်ပြည့်ပါပြီ။ ယနေ့တွင် အင်းစိန်၊ ကြို့ကုန်းရွှေညောင်ပင် ပရိယတ္တိစာသင်တိုက်တွင် သံဃာအပါး(၂၀၀)ကျော်အား ဆွမ်းနှင့်လှူဖွယ်များ လှူဒါန်းဆက်ကပ်ပါသည်။ ယနေ့ထိပြုခဲ့သမျှ ဒါန-ကုသိုလ်အစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-ကြားသိကြသူ ရှင်လူအများလည်း သာဓုခေါ်တော်မူကြပါ-

အမျှ-အမျှ-အမျှ-

ဇနီး-ဒေါ်တင်ဌေးမီနှင့်မိသားတစ်စု-အင်းစိန်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအုန်းမောင်
အသက် (၈၈) နှစ်

ဦးမြင့်သန်း(ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)နှင့် ဒေါ်မိမိအုန်းတို့၏ချစ်လှစွာသောဖခင်ကြီး ဦးအုန်းမောင်သည် ၁၆-၁၂-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆုထူးအောင်မြန်မာကုမ္ပဏီလီမိတက်

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၁၂

မအေးမြမင်း (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်မြင့်မြင့်မေ) နှင့် ၁။ ဦးအုန်းမြင့် ၂။ ဒေါ်အသန်း ၃။ ဒေါ်သန်းသန်းရီ ၄။ ဦးတင်သန်း ၅။ဒေါ်အေးအေးမြင့်

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၄)လမ်း/မြောက်၊ အမှတ်(၁၄၀/က)နေ (ယခုနေရပ်လိပ်စာမသိသူ) (၁)တရားပြိုင် ဦးအုန်းမြင့်၊ (၂)တရားပြိုင် ဒေါ်အသန်း၊ (၃)တရားပြိုင် ဒေါ်သန်းသန်းရီ၊ (၄)တရားပြိုင် ဦးတင်သန်း၊ (၅)တရားပြိုင် ဒေါ်အေးအေးမြင့်တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အိမ်ခြံမြေအရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ ၁၇ရက်၊ (၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုမှ ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်ဟန်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

မြေပုံမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်လှစိန်ဦး (၇၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၁၀၁၁)၊ နံ့သာမြိုင်(၃)လမ်း၊ နံ့သာကုန်းရပ်ကွက်နေ (ဦးအောင်စိုး)-ဒေါ်လှလှရွှေ (ဗိုလ်ကြီးထွန်းထွန်းလွင်)-ဒေါ်ယဉ်ယဉ်အေး(အမက-၃၊ အင်းစိန်)၊ ဦးသိန်းနု-ဒေါ်မိုးမိုးရွှေ ဦးနစ်ကဆင်-(ဒေါ်မိုးမိုးခင်)တို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏ အဘွား၊ (ဦးဘထွန်း)၏ ဇနီးသည် ၁၈-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၈:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်(၂၁၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၁၉/ခ)၊ မိဂသီ(၁၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဇော်ဝင်းအောင် [၁၂/ဥကတ(နိုင်)၀၂၂၄၅၇] နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဇော်ဝင်းအောင်အား တရားပြိုင်ထား၍ ဒေါ်အေးအေးအောင်မှ တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင် တရားလိုပြုစွဲဆိုသော တရားမကြီးမှုအမှတ်-၆၂/၂၀၁၈၊ ဇာရီမှုအမှတ်-၁၂/၂၀၁၉၊ တရားရုံး၏ဘီလစ်ခန့်စာ၊ ဦးဇော်ဝင်းအောင် အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ တရားရုံးဦးဇော်ဝင်းအောင်ကိုယ်စား ဘီလစ်ဒေါ်နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြိတ်လမ်း အမှတ်(၁၃၂၉)ဟုခေါ်တွင်သော နှစ်ခန်းတွဲ(၆)ထပ်တိုက်အား ကန်ထရိုက်တာနှင့် မြေရှင်တို့မှ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ထားသောတိုက်ခန်း၏ ကန်ထရိုက်တာပိုင်ခြေရင်းခြမ်း(ညာ)စတုတ္ထထပ်၊(၅)လွှာ၊အခန်းအမှတ်(၁၇၀)အား ကန်ထရိုက်တာ ဦးမျိုးဇော်[၁၂/တမန(နိုင်)၀၀၃၄၅၄]နှင့် ဒေါ်ခင်မြို့ညွန့်[၁၂/အလန(နိုင်)၀၄၁၂၈၁]တို့နှစ်ဦးမှ ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးချစ်ဝမ်းနှင့်ဇနီးဒေါ်ခင်နုသာဦးတို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရွှေရည်ဖူး (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၄၉၀၅၀) ဖုန်း-၀၉-၄၃၁၁၀၃၃၄

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၈၆)တွင် ဆောက်လုပ်ထားသော (၃½)ထပ်တိုက်မှ မြေညီထပ်(ခေါင်းရင်းဘက်ခြမ်း) တိုက်ခန်းမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဝေ[၁၂/မရက(နိုင်)၀၂၃၅၈၆] ဝယ်ယူပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးကြူ M.A;R.L
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၉၅၄/၈၀)
၂၉၄(က) မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၃၄၅၉

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ၈/၂တိုးချဲ့၊ ဒေါနလမ်း၊ အမှတ် (၄၄၉)၊ လက်ငုတ်အမည်ပေါက်၊ ဒေါ်တင်မိုးခိုင်(TMU-022327)ထံမှ ဦးအောင်မြင့်ဝယ်ယူပြီး ဦးအောင်မြင့်ထံမှ ကျွန်မ ဒေါ်ငွေ[၁၂/ဥကမ(နိုင်)၀၃၉၇၆၈]ကိုင်ဆောင်သူမှ နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင် ဝယ်ယူထားသော ခြံမြေဖြစ်ပါသည်။ ဤခြံမြေနှင့်ပတ်သက်၍ အမည်ပြောင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ ပေါင်နှံထားခြင်း၊ (GP/SP)ပေးထားခြင်း၊ လက်လွှဲမည့်သူကိုမှ ထပ်ဆင့်ရောင်းချထားခြင်း လုံးဝ(လုံးဝ)မရှိပါ။ ၎င်းခြံမြေနှင့်ပတ်သက်၍ ကျူးကျော်နေထိုင်သူများသိစေရန်နှင့် ကန့်ကွက်လိုသူများရှိပါကလည်း ကြေညာသည့်ရက်မှစ၍ နှစ်ပတ်အတွင်း အထောက်အထားအပြည့်အစုံမူရင်းနှင့်တကွ အောက်ပါဖုန်းနံပါတ်မှတစ်ဆင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငွေ[၁၂/ဥကမ(နိုင်)၀၃၉၇၆၀]
ဖုန်း-၀၉-၇၆၉၇၉၂၉၅၃

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဦးသိန်းလွင်	၁၂/သမန(နိုင်)၀၈၈၂၃၃	၂၅၉/က၊ ဘားအံလမ်း၊ ၉-ရပ်ကွက်၊ လှိုင်သာယာ	သကဖ-၄	၂၅၉	ဒေါ်ခင်ဦး
၂	ဒေါ်ချိုချိုစံ	၁၂/အစန(နိုင်)၀၀၉၅၀၇	၅၈၇/က+ခ၊ ကျွန်စစ်သားလမ်း၊ ၁၅-ရပ်ကွက်၊ လှိုင်သာယာ	သကဖ-၁၄	၅၈၇/က၊ ၅၈၇/ခ	ဦးခင်မောင်ဇော်၊ ဦးစံသိန်း
၃	ဦးလှရွှေ	၁၂/မရက(နိုင်)၀၁၅၆၄၇	၁၁၈/က၊ အောင်ချမ်းသာလမ်း၊ ၆-ရပ်ကွက်၊ လှိုင်သာယာ	၂/၃(သကဏ-၃)	၁၁၈/က	ဒေါ်မြင့်နွယ်
၄	ဦးမင်းအောင်	၈/မကတ(နိုင်)၁၆၂၀၃၄	၆၂၉/က၊ ဗညားဒလလမ်း၊ ၁၈-ရပ်ကွက်၊ လှိုင်သာယာ	သကဖ-၁၆	၆၂၉/က	ဦးသိန်းမောင်
၅	ဦးကျော်ဝင်း	၁၄/အအလ(နိုင်)၀၆၁၁၅၃	၆၁၅/က၊ စံပယ်လမ်း၊ ၁၉-ရပ်ကွက်၊ ရွှေပြည်သာ	၄၃	၆၁၅/က	ဒေါ်စိန်စိန်ရီ
၆	ဦးသောင်းရွှေ	၁၂/မရက(နိုင်)၁၀၂၂၃၀	၉၃၊ သမင်ကွင်းလမ်း၊ ၁၉-ရပ်ကွက်၊ လှိုင်သာယာ	သကဖ-၁၅	၉၃	ဦးမြဝင်း
၇	ဒေါ်မြင့်သိန်းဦး	၁၄/မမန(နိုင်)၀၃၉၈၇၉	၂၇၈၊ ပီမိုးနင်းလမ်းနှင့်သုနန္ဒာ(၈)လမ်းထောင့်၊ ၁၅-ရပ်ကွက်၊ လှိုင်သာယာ	ရလ၁၀-၂၈	၂၇၈	ဦးထွန်းအုံ
၈	ဦးမြလွင်	၈/ရစက(နိုင်)၀၀၉၀၅၃	၃၄၂ မြဝတီလမ်း၊ ၁-ရပ်ကွက်၊ လှိုင်သာယာ	၆/၀၁	၃၄၂	ဦးကျော်သင်း
၉	ဒေါ်ယဉ်ယဉ်မြ	၁၂/သမန(နိုင်)၀၆၅၄၈၇	၂၆၆/ခ၊ ဧယျာသိမ်(၃)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်သာယာ	သကဖ-၁၃	၂၆၆/ခ	ဦးဝင်းမောင်
၁၀	ဦးကျော်စိုးမိုး	၁၄/ပသန(နိုင်)၀၆၆၇၃၃	၂၉၇/က၊ စစ်တိုင်းလမ်း၊ ၁၀-ရပ်ကွက်၊ လှိုင်သာယာ	၃	၂၉၇/က	ဦးသိန်းကြည်
၁၁	ဒေါ်ဖါ	၁၂/သမန(နိုင်)၀၀၄၁၆၀	၁၂၅၄/က၊ တောင်လွှင်(၄)လမ်း၊ ၁၄-ရပ်ကွက်၊ ရွှေပြည်သာ	၄၀	၁၂၅၄/က	ဦးစောဝင်း
၁၂	ဦးသန်းလှိုင်ဝင်း	၁၂/ရပသ(နိုင်)၀၄၄၃၂၉	၂၂၈/ခ၊ ဓမ္မာသေါကလမ်း၊ ၇-ရပ်ကွက်၊ ရွှေပြည်သာ	၉	၂၂၈/ခ	ဒေါ်အုံးလှ
၁၃	ဦးရဲကိုကိုသိန်း	၁၂/ဥကမ(နိုင်)၀၉၀၀၃၄	၃၆၅ ပုဂံလမ်း၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပ	၂၁/ရွှေပေါက်ကံ	၃၆၅	ဦးကျော်ရွှေ
၁၄	ဒေါ်အေးမြင့်	၁၂/မရက(နိုင်)၀၀၉၇၂၈	၃၀၀/က၊ မင်းလှလမ်း၊ ၉-ရပ်ကွက်၊ လှိုင်သာယာ	သကဖ-၅	၃၀၀/က	ဒေါ်ထန်းသန်း
၁၅	ဦးစံထွေး	၁၄/ညတန(နိုင်)၀၃၄၈၉၁	၁၁/ခ၊ ပဲခူးလမ်း၊ ၁၃-ရပ်ကွက်၊ လှိုင်သာယာ	သကဖ-၉	၁၁/ခ	ဦးထင်ဦး
၁၆	ဦးသန်းနိုင်အေး	၁၂/တတန(နိုင်)၁၉၆၂၉၀	၆၀/က၊ တသာလမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်သာယာ	၃	၆၀/က	ဦးထွန်းအောင်
၁၇	ဦးအောင်ကျော်သိန်း	၁၂/ဒဂန(နိုင်)၀၂၉၀၉၈	၂၀၅/ခ၊ ဆုထူးပန်လမ်း၊ ၇၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၇၀	၂၀၅/ခ	ဦးခင်မောင်အုန်း
၁၈	ဦးကျော်ရွှေ	၁၂/သဃက(နိုင်)၁၂၀၈၆၈	၁၆၉၇၊ ပုဂံလမ်း၊ ၅၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၅၅	၁၆၉၇	ဦးအောင်သွင်
၁၉	ဒေါ်ကြူကြူဝင်း	၁၂/ဒဂတ(နိုင်)၀၄၃၃၄၇၁	၆၈၀/ခ၊ ပုဂံလမ်း၊ ၅၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၅၄	၆၈၀/ခ	ဒေါ်မေအိမ်
၂၀	ဦးဇော်လတ်	၅/ပလန(နိုင်)၀၄၈၈၈၅	၁၃/ခ၊ ကနေ့ဘာလမ်း၊ ၁၀၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၁၀၄	၁၃/ခ	ဒေါ်စန်းခင်ခင်ကျော်
၂၁	ဦးကျော်ဝင်းထွဋ်	၃/လသန(နိုင်)၀၃၂၀၉၉	၈၈၃၊ ခ/၉-လမ်း၊ မြို့သစ်(ခ)ရပ်ကွက်၊ အင်းစိန်	မြို့သစ်(ခ)	၃၇၇/ခ	ဒေါ်လှကြည်

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ)၊ မြေကွက်အမှတ်(၆၄၇)၊ မြေကွက်တည်နေရာအမှတ်(၆၄၇)၊ ကရဝိက်(၁)လမ်း၊ (ဆ)ရပ်ကွက်၊ ဦးအုန်းလွင်(ED-၀၀၅၀၉၆) [၁၂/ဥကမ(နိုင်)၀၁၂၉၁၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်သူ ဦးအုန်းလွင် ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ် တရားရုံးကျမ်းကျိန်လွှာအမှတ်(၈၇/၁၈)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာမှုအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလ ၂၀-၉-၉၃ရက်တွင် ထုတ်ပေးထားသည့် ဦးအုန်းလွင် အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်-မဥ/ဆ၆၆၀/၉၃ ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့်
အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ရီ (သုံးခွ)

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ အမှတ်(၂၁)၊ ဗန္ဓုလလမ်းနေ (ဦးသာဆင်-ဒေါ်အေးကြည်)တို့၏ သမီး၊ (ဦးဘိုးကူး)၏ ဇနီး၊ (ဦးထွန်းရီ-ဒေါ်တာ)၊ ဦးလှရွှေ-(ဒေါ်နှင်းရီ)တို့၏ ညီမ၊ (ဦးသိန်းအောင်)-ဒေါ်သန်းမြ၊ (ဦးအုန်းခင်)-ဒေါ်မကြီး တို့၏ အစ်မ၊ မင်းလှမြို့ရွှေလောင်းပန်းတော ကျောင်းတိုက် ဆရာတော်ဦးပဏ္ဍိတ၏ မယ်တော်၊ ဒေါက်တာဦးမောင်မောင်စိုး-ဒေါက်တာဒေါ်ခင်ခင်၊ ဦးကျော်သန်းတင့်-ဒေါက်တာဒေါ်သီတာနိုင်တို့၏ မွေးသမိခင်၊ ဦးဇော်လင်းဟိန်း-ဒေါက်တာဒေါ်သက်နွယ်စိုး၊ မရွှေမေသိမ့် တို့၏ အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်ရီသည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၄:၂၉ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ထွေးမြင့်

တပ်မတော်-လေ၊ ငြိမ်း

အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၉)မိုင်၊ ဝိဇ္ဇာလမ်း၊ အမှတ်(၄၃/က)နေ (ဦးဟန်စူ-ဒေါ်သန်းညွန့်)တို့၏သမီးထွေး၊ ဒေါ်ခိုင်မာဦး၏မွေးသမိခင်ကျေးဇူးရှင်၊ Capt.ကျော်ဇင်မင်း(MV Lizstar Co.,Ltd)-ဒေါ်ယဉ်ယဉ်အောင်တို့၏အဘွား၊ မောင်သုတကျော်ဇင်၊ မောင်ပြည့်ဖြိုးကျော်ဇင်တို့၏ဘွားဘွားကြီး၊ (ဦးမောင်မောင်ရီ)၏ချစ်လှစွာသောဇနီးသည် ၁၈-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်လှ (သထုံ၊ မိတ္ထီလာ)

အသက်(၈၇)နှစ်

ဗိုလ်မှူးသန့်ဇော်(ငြိမ်း)-ဗိုလ်မှူးကြီးတင်မိုးသန်း တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်တင်လှ (သထုံ၊ မိတ္ထီလာ)အသက်(၈၇)နှစ်သည် ၁၇-၁၂-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အပတ်စဉ်(၂၂)မှ
သူငယ်ချင်းများနှင့် မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်လှ (သထုံ၊ မိတ္ထီလာ)

အသက် (၈၇) နှစ်

ဗိုလ်မှူးထွန်းဇော် (ငြိမ်း)-ဒေါ်ခင်မမဦးတို့၏မိခင် ဒေါ်တင်လှသည် ၁၇-၁၂-၂၀၁၉ (အင်္ဂါနေ့) ည ၉:၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်သင်တန်းအမှတ်စဉ် (၇၀)မှ
သူငယ်ချင်းများနှင့် မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မြ

အသက်(၈၄)နှစ်

ဗိုလ်မှူးသန်းဦး(ငြိမ်း)-ဒေါ်သီသီအောင် တို့၏ မိခင်ကြီး ဒေါ်ခင်မြသည် ၁၈-၁၂-၂၀၁၉ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ
အရာရှိများနှင့် မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဇေယျာနန္ဒီ(ခ)ဒေါ်ခင်စောနွဲ့

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ (C)Block (၂)လမ်း၊ တိုက်(၃၆)၊ အခန်း(၂၀၂)နေ ဦးစည်သူစိုး [ဒု-ဥက္ကဋ္ဌ (Ayeyarwaddy Development Public Co.,Ltd.)]-ဒေါ်သက်မီပိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၈-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၉:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Morning Golf (Pathein) Group

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်စန်းဝင်း

အသက်(၆၁)နှစ်

ဒေါ်ခင်စန်းဝင်း အသက်(၆၁)နှစ် သည် ၁၇-၁၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အောင်ဖိုက်ဘာဂလက်(စ်)
မိသားစု

အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်မမလေး (၈၆)နှစ်

အထက-၁ စိန်မေရီ ပန်းဘဲတန်း အထက်တန်းပြ-ငြိမ်း

ကျုံပျော်မြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးမောင်သွင်-ဒေါ်လှ)တို့၏သမီးချွေးမ၊ ပုသိမ်မြို့၊ သဘော်ကျင်း၊ နတ်စင်လမ်းနေ [ဦးဘရှင် (အထက်တန်းရှေ့နေ)-ဒေါ်သိန်း]တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၄၈)၊ လမ်း(၃၀)နေ (ဦးမြင့်ဦး)၏ချစ်လှစွာသောဇနီး၊ ဒေါ်စန္ဒာဦး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်းနေ ဦးထွန်းထွန်း-ဒေါ်ဥမ္မာ၊ ဦးတင်ကိုဦး၊ ဦးသောင်းထိုက်-ဒေါ်ယုမွန်မြင့်တို့၏မွေးသမိခင်၊ မနှင်းကေသရီထွန်း (ခ) ချစ်ပိုပို (Grade-10၊ အ.ထ.က-၂၊ လသာ)၊ မောင်ခါဇူဟို၊ မောင်ထိုက်ယုဟိုတို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၂၈၊ ၂၉-လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပုသိမ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မမလေး

အသက်(၈၆)နှစ်

ကျုံပျော်မြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးမောင်သွင်-ဒေါ်လှ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၄၈)၊ လမ်း(၃၀)နေ (ဦးမြင့်ဦး)၏ ဇနီး၊ ဒေါ်စန္ဒာဦး၊ ဦးထွန်းထွန်း-ဒေါ်ဥမ္မာ၊ ဦးတင်ကိုဦး၊ ဦးသောင်းထိုက်-ဒေါ်ယုမွန်မြင့် တို့၏ မွေးသမိခင်၊ ပုသိမ်အသင်း(ရန်ကုန်)သက်ကြီးကန်တော့ခံ ဒေါ်မမလေးသည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။ (အမှတ်-၂၈၊ ၂၉-လမ်း၊ အောက်လမ်းပန်းဘဲတန်းမြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြအေး(ခ)ဒေါ်စွမ်း

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဇောတိကလမ်း၊ အမှတ်(၈)နေ (ဦးဖေဆန်း)၏ ဇနီး၊ (ဦးကိုကိုလင်း)-ဒေါ်တင်တင်ဆန်း (ကျွန်းတောမူကြိုကျောင်း)၊ ဦးအောင်မော်ဆန်း၊ ဦးသန်းထွန်းဆန်း-ဒေါ်ခင်သန္တာဘို၊ ဦးကျော်ကျော်ဆန်း၊ (ဦးသန်းစိုး)-ဒေါ်ခင်သီတာဆန်း တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေးခုနစ်ယောက်၊မြစ်သုံးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၁၈-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၈:၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သွေးသည် အသက်

ဆရာမကြီး ဒေါ်ညွန့်ကြင် (ငြိမ်း)

အ.ထ.က(၁) သုံးခွမြို့

အသက် (၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (ဦးဘိုးခိုင်-ဒေါ်လှိုင်)တို့၏သမီး၊ (ဦးသိန်းအေး)၏ဇနီး၊ (ဦးတိတ်ဂွမ်)၊ (ဒေါ်ရင်မေ)၊ (ဒေါ်သန်းမေ)၊ (ဦးခေမာစာရ)၊ (ဦးတိတ်ရှိန်)-ဒေါ်အေးမြင့်တို့၏ညီမ၊ ဦးစိုးဝင်း (သ/မဦးစီး-ငြိမ်း)၏ အစ်မ၊ ဦးမြင့်စိုး(VALUE HEALTHCARE)၊ ဒေါ်အေးဆန်းမော်(ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းကုန်းဆိပ်ကြီး၊ အ.ထ.က၊ သန်လျင်မြို့)တို့၏မိခင်၊ မောင်ဟိန်းမြတ်သူ(LITZSTAR SHIPPING)၊ မခင်ငြိမ်းချမ်းအေး(YANGON UNIVERSITY)တို့၏အဘွား သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ သောက်တော်တွင်းလမ်း၊ အမှတ်(၆၉)နေ ဒေါ်ညွန့်ကြင်သည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်လှနုစိန် (ကျောက်တော်မြို့)

အသက် (၈၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ အမှတ်(၃/က)နေ (ဦးမောင်မောင်-ဒေါ်မအေး)တို့၏သမီး၊ဦးစိုးမြ(Chief Engineer- PIL)-ဒေါ်ခင်ဖြူလှိုင်၊ ဦးတင်မြ-ဒေါ်မေနှင်းဆန်း၊ ဦးကျော်ဇောလှ-ဒေါ်အေးအေးမြ၊ ဦးတိုးမြ-ဒေါက်တာသန္တာကျော်၊ ဦးဇော်ဝင်း-ဒေါ်ခိုင်ခိုင်မြတို့၏မိခင်၊ ဦးရွှေမြ (ဌာနမှူး-ငြိမ်း၊ ရန်ကုန်စည်ပင်)၏ ဇနီး၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ဘုရားအမှူးပြုသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းရေစက်သွန်းချ အမျှဝေလိုပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးအောင်စိန် (MEPE-ငြိမ်း)

အသက် (၇၄) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နေ (ဦးဘထွန်း-ဒေါ်ကျင်မြ)တို့၏သားကြီး၊ဦးသန်းအောင်-ဒေါ်မြင့်မြင့်စန်းတို့၏ အစ်ကိုကြီး၊ ဒေါ်ခင်ခင်နွဲ့၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဇံအောင်ကြွယ်-ဒေါ်မာမာစိုး၊ ဦးဇော်အောင်မိုး-ဒေါ်တင်ဆွေဝင်း၊ ဦးသန်းမင်းစိုး-ဒေါ်ငွေးဝါဝင်း၊ ဦးမျိုးသက်နိုင်-ဒေါ်ခင်သက်ဦးတို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ ယူနိုက်တက်ကွန်ဒို၊ အခန်း(၆၀၅)၊အမှတ်(၃၉)နေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

ဦးထွန်းအောင်မြင့်

အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၃၁/၁၇၉)နေ (ဦးမိုးဦး-ဒေါ်စိုးပွင့်ခိုင်)တို့၏သား၊ (ဒေါ်လှအုန်း)၊ (ဦးသိန်းအောင်)တို့၏ညီ/မောင်၊ ကိုအောင်ကျော်မြင့်လွင်-နော်အိအိခိုင်၊ နော်သွယ်သွယ်ခိုင်၊ စောအောင်ထွန်းခိုင်၊ မောင်ဝင်းကိုကို-နော်ဆုမွန်ခိုင်တို့၏ချစ်လှစွာသောဖခင်၊ မောင်သံလွင်ဟိန်းဆက်၊ မောင်လျှံဘုန်းလွင်တို့၏အဘိုး၊ နော်မောလေ၏ခင်ပွန်းသည် ၁၄-၁၂-၂၀၁၉ (စနေနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မူမူခင်

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ ကုဏ္ဍာသယလမ်း၊ တိုက်(၅)၊ အမှတ်(၁၀၆)နေ (ဦးကိုကိုကြီး-ဒေါ်မကြီး)တို့၏ သမီး၊ (ဦးဘသွင်-ဒေါ်ဒေါ်အိ)တို့၏ သမီးချွေးမ၊ (ဦးမောင်မောင်တင်)၏ ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်စိုး)၊ (ဦးသန်းဦး)-ဒေါ်ခင်မာဝေ၊ ဦးမောင်မောင်ဖြူ-ဒေါ်မာမာဆွေ၊ ဒေါ်ခင်မာပြုံးတို့၏ ချစ်လှစွာသောမိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၄:၄၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ငွေသိန်း(ထားဝယ်)

မှူပြ(ငြိမ်း)

အသက်(၈၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကညွှံရပ်၊ အာဇာနည်လမ်း၊ အမှတ်(၄၉)နေ (ဦးအောင်ထူး)၏ ဇနီး၊ ဦးလင်းအောင်-ဒေါ်ရီရီချို၊ ဒေါ်နီနီစု (အ-ထ-က-၂၊ စမ်းချောင်း)၊ ဒေါ်ညိုညိုစု(စက်မှုဝန်ကြီးဌာန)၊ ဦးစိုးအောင်-ဒေါ်စန်းစန်းအေး(စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးမျိုးအောင် တို့၏ မိခင်သည် ၁၈-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကျော်မင်းလှိုင်(ခ)ဦးကျော်(ခ)ဦးညို

B.Eco

အသက်(၆၅)နှစ်

ဆရာတော်ဘဒ္ဒန္တဥူးဝရသာမိ(B.A) (ရှမ်းဘုန်းဘုန်း)(ဗိုလ်တောင်စာသင်တိုက်)၏ ရဟန်းဒါယကာကြီး၊ ရန်ကုန်မြို့နေ (ဦးစိန်လှိုင်-ဒေါ်ခင်လှိုင်)တို့၏ သားထွေး၊ ဒေါ်မြမြလှိုင်၊ ဦးသိန်းထွန်း(သတ္တဗေဒ-ငြိမ်း)-ဒေါ်သန်းသန်းရီ(သတ္တဗေဒ-ငြိမ်း)၊ ဒေါက်တာဦးညွန့်သိန်း (ဆေးတက္ကသိုလ်-၁၊ ဂုဏ်ထူးဆောင်ပါမောက္ခ)တို့၏ ညီ/မောင်၊ ဒေါ်သန်းသန်းအေး(SAT ထ-၁၊ လမ်းမတော်)၊ ဦးသီဟစော-ဒေါ်စန်းစန်းအေးတို့၏ အစ်ကို၊ တူ/တူမ သုံးယောက်၏ ဦးလေး၊ မြေးနှစ်ယောက် တို့၏ အဘိုး၊ ဒေါ်သီတာဝင်း၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်မင်းလှိုင်သည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ (၅၂)လမ်း၊ အမှတ်(၁၁၆/ခြောက်လွှာ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးခင်ဇော်(B.Sc-Chem)

အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အောက်လမ်း၊ အမှတ်(၇၂)၊ ဒုတိယထပ်နေ (ဦးမြမောင်-ဒေါ်ညီမ)တို့၏သား၊ (ဦးတင်အောင်)-ဒေါ်စန်းရင်(A တံဆိပ်စတိုး၊ ပျဉ်းမနားမြို့)၊ [ဦးခင်မောင်(ဒန်သတ္တုရောင်းဝယ်ရေး)]-ဒေါ်တင်လှတို့၏တူ၊ ဦးရဲမြင့် (ခ) ဦးဝါယမ (ဇနိတာရာမမိုးကုတ်ရိပ်သာကျောင်းတိုက်၊ အင်းတကော်)၊ ဦးသိန်းဆွေ (ပြည် ပန်းကန်ဆိုင်၊ မင်္ဂလာမွန်ဈေး)-(ဒေါ်ခင်မမ)၊ ဒေါ်နုနုအေး၊ ဒေါ်မြင့်မြင့်ကြည်တို့၏ညီ/မောင်၊ ဦးမောင်မောင်ခင်-ဒေါ်ဇာခြည်ဝင့်မောင်၊ [ဒေါ်ခင်သီတာ (ခ) ဒေါ်ကုသလသိင်္ဂီ]၊ ဦးမြင့်သောင်း-ဒေါ်ဥမ္မာစိုး၊ ဦးထွန်းမြတ်-ဒေါ်ခင်မေညွန့်၊ ဦးမောင်မောင်ထွေး-ဒေါ်လဲ့ယဉ်ဝင်း၊ဦးထွန်းထွန်း-ဒေါ်သိင်္ဂီငြိမ်းတို့၏အစ်ကို၊ တူ/တူမ ၁၃ ယောက်တို့၏ဦးလေး/ဘကြီး၊ မြေးလေးယောက်တို့၏ဘိုးဘိုးလေးသည် ၁၈-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ရီ အသက် (၉၃) နှစ်

